ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (9-4-2004) (၄၂၀၁)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။	သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ	၁၉၇၈၈၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စစ်တကောင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ရှိ ပို့ကုန်ထုတ်လုပ်ရေးဇုန် လှည့်လည်ကြည့်ရှု

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan လိုက်ပါလျက် ဧပြီ ၆ရက် ဒေသစံတော်ချိန် နံနက် ၈နာရီတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းမြို့ ပို့ကုန်ထုတ်လုပ်ရေးဇုန် (EPZ) စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိလာရာ Bangladesh Export Processing Zone များ၏ Executive Chairman, Brig-Gen. MD. Zakir Hossain (Retd.) နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ စစ်တကောင်းပို့ကုန်ထုတ်လုပ်ရေးဇုန်ရှိ Young-one Group Corporation ၏ အားကစားသမား အသုံးအဆောင်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံလုပ်ငန်းခွင်တွင် ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၄-၂၀၀၄
(သောကြာနေ့)

မြို့ပြနှင့်ကျေးလက် ဆက်သွယ်မှုကောင်းမွန်ရေး လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက်ဖောက်လုပ်

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့် တိန်းတံတားတို့ကို မတ်လ ၂၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် မြို့မတံတားနှင့် တိန်းတံတားတို့ကို ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တစ်နှစ်အတွင်း နေ့မအားညမနားတာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထူးခြားချက်မှာ တံတားများတည်ဆောက်ရာတွင် အသုံးပြုသော သံပေါင်များမှာ နိုင်ငံခြားဖြစ်သံပေါင်များအစား နိုင်ငံပိုင် ခေတ်မီသံမဏိစက်ရုံက တီထွင်ထုတ်လုပ်သော ပြည်တွင်းဖြစ် အရည်အသွေးမီသံပေါင်များကို သုံးစွဲထားခြင်းဖြစ်သည်။

တပ်မတော်သားတို့၏ အတတ်ပညာ၊ ခွဲလုံ့လစွမ်းပကားဖြင့် တည်ဆောက်ခဲ့သည့် မြို့မတံတားမှာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိပြီး တံတားအရှည်မှာ ပေ ၅၄၀ ဖြစ်သည်။

အလားတူ တိန်းတံတားမှာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိပြီး တံတားအရှည်မှာ ပေ ၃၆၀ ဖြစ်သည်။ အဆိုပါတံတားများကို အပေါ်ထည်သံမဏိ သံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည်သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားကြောင်းသိရသည်။

မြို့မတံတားနှင့် တိန်းတံတားတို့သည် မင်းကင်းမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်တွင် တည်ရှိသည်။ မုံရွာ-ယာကြီး-ကလေးဝလမ်းသစ်သည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုဖြင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဒေသဖွံ့ဖြိုးရေး၊ ချင်းပြည်နယ်(မြောက်ပိုင်း)၏ တံခါးပေါက်ဖြစ်သော ကလေးဒေသနှင့် ဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်ရေးအတွက် ဖောက်လုပ်ခဲ့သော လမ်းသစ်ဖြစ်သည်။

ယခင်က မုံရွာမြို့မှ ကလေးဝ၊ ကလေးမြို့တို့သို့သွားလျှင် မိုင် ၁၆၀ ခန့်ရှိသည့် မုံရွာ-ရေဦး-တန့်ဆည်-သက္ကယ်ကျင်း- ကလေးဝလမ်းအတိုင်း မဟာမြိုင်တောကြီးကိုဖြတ်သန်းသွားကြရသည်။ အထူးသဖြင့် မိုးတွင်းကာလများတွင် ခက်ခဲစွာသွားလာရသောလမ်းဖြစ်သည်။

ယခု အသစ်ဖောက်လုပ်လိုက်သော မုံရွာ-ယာကြီး-ကလေးဝ လမ်းသည် ၁၁၅ မိုင်ခန့်သာရှိသည့်အတွက် ၄၅ မိုင်ခန့် ခရီးတိုသွားသည်။ ထို့အပြင် ယင်းလမ်းသစ်ကိုအသုံးပြု၍ မုံရွာမှ ကလေးဝ-ကလေး-တမူးကိုဖြစ်စေ၊ ကလေး-ဟားခါး-တီးတိန်ကိုဖြစ်စေ အချိန်တိုတိုဖြင့် လုံခြုံချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ အဆိုပါလမ်းသစ်ကြီးကို ဖောက်လုပ်နိုင်သည့်အတွက် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လမ်းမကြီးတစ်လျှောက်တွင် တည်ရှိနေသည့် ကနီမြို့၊ မင်းကင်းမြို့နှင့် ကျေးရွာများအတွက် များစွာအထောက်အကူပြု အသုံးဝင်လျက်ရှိသည်။

ယခုတစ်ဖန် အဆိုပါလမ်းသစ်ကြီးပေါ်တွင် အရေးပါသည့် မြို့မတံတားနှင့် တိန်းတံတားတို့ကို တည်ဆောက်ဖွင့်လှစ်နိုင်ပြီ ဖြစ်ရာ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ရေး ပိုမိုအထောက်အကူပြုလျက်ရှိသည်။ အဆိုပါတံတားကြီးများ မတည်ဆောက်မီက ကလေးဝမှမုံရွာသို့ ကားဖြင့် ၁၂ နာရီခန့် သွားလာရသည့်ခရီးကြမ်းကို ယခုအခါ ကားဖြင့် လေးနာရီခန့်သာမောင်းနှင်ရသဖြင့် ကူးသန်းဆက်သွယ်မှုအဆင်ပြေပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာသည်ကိုတွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိချိန်တွင် သက်ဆိုင်ရာဒေသအလိုက် တာဝန်ရှိသူတို့က မြို့ပြနှင့်ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းနှင့်တံတားများကို တိုးချဲ့တည်ဆောက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြားသည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ မုံရွာဝင်းဖေ၊ဆင်ဖြူကျွန်းမြင့်သိန်း၊မြတ်ရည်မွန်၊ ဦးလှမင်း၊ တက္ကသိုလ်သိန်း၊ မောင်မောင်စိုးသက်၊ မိုးထက်မောင်မောင်၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ ဝတ်ရည်တို့၏ ကဗျာများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဧပြီ ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဦးစိုးလှိုင် စက်ရုံမှူး ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ မြန်မာ့အထည်အလိပ်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ) ဦးကျော်ညွန့် ညွှန်ကြားရေးမှူး ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန

လမ်းတံတားတည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ညောင်နှစ်ပင် သီးနှံစိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)ရှိ စီ(၁၂)လမ်းပေါ်တွင် အများပြည်သူ ရာသီမရွေး လွယ်ကူချမ်းသာစွာ သွားလာနိုင်စေရန် လမ်းတံတား တည်ဆောက်လျက်ရှိရာ ညောင်ကန်အေး လောကချမ်းသာ ပရဟိတကျောင်း၏ နာယကများ ဖြစ်ကြသော နယူးယောက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒကနှင့် ညောင်ကန်အေးဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဣန္ဒ တို့က ကျပ် ၃၀၀၀၀၀ အပါအဝင် အလှူရှင်များက စုစုပေါင်း ကျပ် ၇၂၉၀၀၀ကို ညောင်ကန်အေး လောကချမ်းသာ ပရဟိတကျောင်း၌ ဧပြီ ၆ ရက် နံနက် ၁၀ နာရီတွင် ဇုန်တာဝန်ခံဦးကျော်ဆွေဝင်းထံ ပေးအပ်လှူဒါန်းသည်။ (က-ပ)

ရန်ကုန်မြို့တော် သင်္ကြန်ရက် ရေပေးဝေချိန်သတ်မှတ်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)က မဟာသင်္ကြန်ရက်များအတွင်း ပြည်သူအများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြရန်နှင့် ရေပြတ်လပ်မှုလျော့နည်းစေရေးအတွက် ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော် စသည့် မြို့နယ် ရှစ်မြို့နယ်၊ ရန်ကုန်ဆေးရုံကြီးနှင့် အရေးကြီးနယ်မြေများတွင် ၂၄နာရီ ရေပေးဝေထားမည်ဖြစ်ပြီး ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်းနှင့် မရမ်းကုန်းမြို့နယ်တို့တွင် ထိုနေ့များ၌ နံနက် ၈နာရီမှ ၁၁နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃နာရီမှ ညနေ ၆နာရီအထိ တစ်ကြိမ်သတ်မှတ်ကာ တစ်နေ့နှစ်ကြိမ် ရေပေးဝေမည်ဖြစ်သည်။

ပုံမှန်အတိုင်း

ထို့ပြင် ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်းနှင့် သာကေတမြို့နယ်တို့တွင် ယခင်ရေပေးနေကျအချိန်အတိုင်း ပေးဝေသွားမည်ဖြစ်ပြီး ဧပြီ ၁၇ရက်မှစ၍ မြို့နယ်အားလုံးကို ယခင် ပုံမှန်ရေပေးဝေချိန်အတိုင်း ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

အခမဲ့ပေးဝေမည်

မဟာသင်္ကြန်ရက်များတွင် ရေကစားလိုသူများနှင့် ရေအခက်အခဲရှိသူများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ရေပေးဝေစခန်း သဃ်န်းကျွန်း ဇဝနစက်ရေတွင်းနှင့် သုမင်္ဂလာစက်ရေတွင်း၊ မြောက်ဥက္ကလာပ(၅)ရပ်ကွက် စပယ်(၂)လမ်းစက်ရေတွင်း၊ သာကေတမြို့နယ် ဧရာဝဏ်လမ်းနှင့် ရှုခင်းသာလမ်းထောင့် စက်ရေတွင်း၊ စမ်းချောင်းမြို့နယ် ဂွစျေးရှိစက်ရေတွင်း၊ အင်းစိန်မီးသတ်ဝင်း စက်ရေတွင်းနှင့် မရမ်းကုန်းမြို့နယ် ရေကူးရေစက်တို့မှ အခမဲ့ ရေဖြန့်ဝေပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များအရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း-၂၄၉၆၅၅၊ ၂၈၆၈၉၈၊ ၂၄၃၅၅၀နှင့် ၂၉၆၅၀၁တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ဗိဝိတဒါနငါးလွှတ်ရန် ငါးသားပေါက်ရောင်းမည်

ရန်ကုန် ဧပြီ ၈

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း (လေးဒေါင့်ကန်စခန်း)နှင့် (လှော်ကားစခန်း)တို့က ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်း ၁ရက်တွင် ပြည်သူများ ဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော်ကြီးနှင့် ရွှေပြည်သာမြို့နယ် သာစုကန်ဘုရားစသည်တို့တွင် ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယားသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်သည်။ အဆိုပါ ငါးသားပေါက်များကို ကောင်ရေ ၁၀၀၀နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆ နှင့် ၆၃၅၇၂၇ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။ (သတင်းစဉ်)

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များကို ဆန့်ကျင်ဆန္ဒပြမှုနှင့် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

ဧပြီ ၆ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ ဆင်ခြေဖုံးရှိ မီးရထားလမ်းတစ်လမ်းပေါ်တွင် စောင့်ကြပ်နေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ ရက်က အီရတ်နိုင်ငံ အမ်မရာမြို့အနီးတွင် အီရတ်ပြောက်ကျားတို့၏တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော ဗြိတိသျှကြည်းတပ်မှ လင့်ရိုဗာကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့အတွင်းသို့ ဝင်ရောက်လာသော အမေရိကန် မရိန်းတပ်ဖွဲ့များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးနေသော ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ ဆက်ဒါမီယာဒေသတွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးနေသော ကားများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၆ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ဆင်ခြေဖုံးတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လျက်ရှိ ရာမာဒီမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့၏စခန်း တိုက်ခိုက်ခံရ

နာဂျက်ဖ် ဧပြီ ၇

အီရတ်နိုင်ငံ ရှီးယိုက်တို့၏ တောင်ပိုင်းတစ်ခွင်တစ်ပြင်တွင် ခုခံတွန်းလှန်သူများနှင့် ရှီးယိုက် ခုခံသူများက အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ပိုမိုတိုက်ခိုက်လာကြသည်။ ထို့ပြင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကလည်း ခုခံတိုက်ခိုက်နေသည့် ဆွန်နီမြို့ ဖော်လူဂျာကို အင်္ဂါနေ့က အကြီးအကျယ်တိုက်ခိုက်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် တစ်ဦးနှင့် အီရတ် ၆၆ ဦး ထက်မနည်းသေဆုံးရသည်ဟု သတင်းရရှိသည်။

ရင်ဆိုင်နေရ

အမေရိကန် တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော်အနောက်ဘက် ဖော်လူဂျာနှင့် ရာမာဒီမြို့များတည်ရှိရာ ဆွန်နီတြိဂံဒေသမှ ခုခံတွန်းလှန်ရေးသမားများနှင့် ရင်ဆိုင်နေရပြီး အမေရိကန်တို့၏ အပေါင်းပါတပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံ တောင်ပိုင်းမှ သဘောထားတင်းမာသော ရှီးယိုက် ခေါင်းဆောင် အင်ဆာဒါးအား ထောက်ခံသည့် ခုခံတိုက်ခိုက်ရေးသမားများနှင့် ရင်ဆိုင်တိုက်ခိုက်နေရသည်။

ဖော်ပြထား

အမေရိကန်တို့သည် သူတို့၏ ကောက်ကျစ်သည့်သဘောကို ပြသလာကြကြောင်း၊ ယင်းကို အီရတ်ပြည်သူများက လက်မခံနိုင်ကြောင်းဖြင့် ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါးက ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။ အီရတ်ပြည်သူများသည် မှန်သည်ထင်သောနည်းလမ်းများဖြင့် ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်ရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဖော်လူဂျာမြို့အနီး ရာမာဒီမြို့မှလာသော သတင်းများအရ အုပ်ချုပ်ရေးမှူး၏ရုံးအနီးရှိ မရိန်းတပ်ဖွဲ့၏ စခန်းကို ဒါဇင်ပေါင်း များစွာသော အီရတ် ခုခံတွန်းလှန်ရေးသမားများက တိုက်ခိုက်ကြကြောင်း သိရသည်ဟု ဝါရှင်တန်မှ ထိပ်တန်း အမေရိကန် ကာကွယ်ရေးဌာန အရာရှိတစ်ဦးက ပြောဆိုသည်။ မရိန်းတပ်ဖွဲ့ဝင် အတော်များများ သေဆုံးကုန်ကြောင်းဖြင့်လည်း အမည်မဖော်လိုသည့် ထိုအရာရှိက ပြောဆိုသည်။

ရာမာဒီ၌ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေကို မှတည်ပြီး အင်္ဂါနေ့တွင် သုံးရက်အတွင်း တိုက်ပွဲဖြစ်ပွားရာ၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၀ ဦးနှင့် အီရတ် ၁၃၀ ဦး သေဆုံးနိုင်သည်ဟု ဆိုသည်။ ***အင်တာနက်။***

ဧပြီ ၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ ဆင်ခြေဖုံးတွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားနေသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အီတလီတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွား

နာဆီရီယာ(အီရတ်) ဧပြီ ၇

အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဆီရီယာမြို့တွင် အင်္ဂါနေ့က ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများနှင့် အီတလီတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည့်အတွက် အရပ်သားနှစ်ဦး သေဆုံးသွားရကြောင်း မျက်မြင်တွေ့ရသူများက ဆိုသည်။

နာဆီရီယာတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများသည် နံနက် ၄ နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့မနက်အထိ ဆက်လက်ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ဓီတူဝန်အရပ်တွင် အီတလီ စစ်ယာဉ်လေးစီး မီးလောင်နေသည်ကို တွေ့မြင်ကြရသည်ဟု ဆိုသည်။

သေဆုံး

တိုက်ခိုက်မှုများကြောင့် အရပ်သားနှစ်ဦးသေဆုံးသွားပြီး အခြားလူလေးဦး ဒဏ်ရာရရှိခဲ့ကြသည်။ ဆာဒါး၏ မာဒီ ခုခံတိုက်ခိုက်ရေးအဖွဲ့မှ နှစ်ဦးတို့လည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အီတလီတပ်ဖွဲ့ဘက်မှ ထိခိုက်ဒဏ်ရာရမှု သတင်းတစ်စုံတစ်ရာရရှိခြင်းမရှိသေးပေ။

ရှီးယိုက်ခေါင်းဆောင် ဆာဒါးကို ထောက်ခံသူတပ်ဖွဲ့များသည် အီရတ်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့၏ ဌာနချုပ်ကို ဆက်လက်ထိန်းချုပ်ထားကြောင်း သိရသည်။

လောလောဆယ်အချိန်တွင် အီရတ်နိုင်ငံရှိ အမေရိကန် သိမ်းပိုက်ရေးတပ်များနှင့်အတူ အီတလီတပ်ဖွဲ့ဝင် ၂၅၀၀ သည် ပူးတွဲတာဝန်ထမ်းဆောင်နေသည်။ ထိုအီတလီတပ်ဖွဲ့များသည် နိုင်ငံ၏တောင်ပိုင်း ဗြိတိသျှတို့ စီမံအုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်သည်။

ဗုံးခွဲ

လွန်ခဲ့သောနှစ် နိုဝင်ဘာအတွင်းက ဖြစ်ပွားခဲ့သော နာဆီရီယာမြို့ အီတလီစစ်ဌာနချုပ် ဗုံးခွဲခံရမှုတွင် အီတလီစစ်သည် ၁၉ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ဆာဒါး၏လက်ထောက်ခေါင်းဆောင်ကို သိမ်းပိုက်ရေး အာဏာပိုင်များက ဖမ်းဆီးထားသည့်ကိစ္စနှင့် ဆာဒါးထုတ်ဝေနေသော သတင်းစာကို ထုတ်ဝေခွင့် ပိတ်လိုက်သည့်ကိစ္စကို ဆန့်ကျင်ကြောင်းပြသရန် လွန်ခဲ့သောရက်အနည်းငယ်က ဆာဒါးမာဒီ ခုခံရေးသမားများကို ဘဂ္ဂဒက်နှင့် အီရတ်တောင်ပိုင်းရှိ မြို့ကြီးများသို့ စေလွှတ်ခဲ့သည်ဟုဆိုသည်။

အလယ်အလတ် အယူအဆရှိသူ ရှီးယိုက်ခေါင်းဆောင် အဗ္ဗဒူလ်မာဂျစ် အလ်ခိုအီသည် နာဂျစ်မြို့ ဗလီတွင် ယမန်နှစ်က လုပ်ကြံခံခဲ့ရသည်။

ထိုကိစ္စ တွင်ပတ်သက်မှုရှိသည် ဟူသောစွပ်စွဲချက်ဖြင့်အီရတ်တရားသူကြီးတစ်ဦးက ဆာဒါးကို ဖမ်းဆီးရန် ဝရမ်းကို လအတန်ကြာအချိန်က ထုတ်ထားခဲ့ကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

ဆာ ဒါးနှင့်အဖွဲ့က စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၅ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့ရှိ အုပ်ချုပ်ရေးမှူး၏ နေအိမ်ကို သိမ်းပိုက်ထားသော ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများ အောင်ပွဲခံနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ရင်ဆိုင်တိုက်ပွဲတွင် ကန်တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံး

ဝါရှင်တန် ဧပြီ ၆

အီရတ်တွင် တိုက်ခိုက်မှုအသစ်များ ပေါ်ပေါက်မှုကြောင့် သေဆုံးသူ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဦးရေမှာ စုစုပေါင်း ၁၂ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

ရာမာဒီမြို့ရှိ အီရတ်အုပ်ချုပ်ရေးမှူး၏ရုံးအနီး တပ်ချထားသော အမေရိကန် မရိန်းတပ်ဖွဲ့အား ဒါဇင်နှင့်ချီ၍ရှိသော အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ကြောင်း အဆိုပါတိုက်ပွဲဖြစ်ပွားရာနေရာမှ သတင်းပေးပို့သည်။ အမေရိကန်တပ်ဖွဲ့မှ ဝါရှင်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အသတ်ခံရသူ မရိန်းတပ်ဖွဲ့ဝင် အရေအတွက် သိသိသာသာ များပြားကြောင်းနှင့် စောစောပိုင်း သတင်းများအရ ၁၂ ဦး အထိရှိနိုင်ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ၏အခန်းကဏ္ဍ မဖြစ်ပေါ်မီ နေတိုး၏အခန်းကဏ္ဍကို မစဉ်းစားသင့်ဟု ပြင်သစ်ပြောဆို

ဘရပ်ဆယ် ဧပြီ ၇

အီရတ်နိုင်ငံ တည်ငြိမ်စေရေး အတွက် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ အခန်းကဏ္ဍကို မစဉ်းစားမီ ကုလသမဂ္ဂသည် အီရတ်နိုင်ငံနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက် အရပ်ရပ်အတွက် တာဝန်ယူရမည်ဖြစ်ကြောင်း ပြင်သစ် ကာကွယ်ရေးဝန်ကြီး အယ်လီရော့မာရီက အင်္ဂါနေ့တွင် ပြောကြားသည်။

တာဝန်ရှိရမည်

နေတိုး၏ အခန်းကဏ္ဍကို မစဉ်းစားမဆုံးဖြတ်မီ ကုလသမဂ္ဂသည် အီရတ်နှင့် သက်ဆိုင်နေသည့် လုပ်ငန်းများအတွက် တာဝန်ရှိရမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံတွင် တရားဝင် အီရတ်အစိုးရရှိရမည်ဖြစ်ပြီး ၎င်းအစိုးရ အမြန်ဆုံး ပေါ်ပေါက်စေရန် မိမိတို့လိုလားလျက်ရှိကြောင်း၊ အီရတ်အစိုးရ၏ မေတ္တာရပ်ခံချက် ပေါ်ပေါက်လာပြီးမှသာ နေတိုး၏အခန်းကဏ္ဍကို စဉ်းစားရမည်ဖြစ်ကြောင်း အယ်လီရော့မာရီက ဘရပ်ဆယ်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တိုက်တွန်းခဲ့

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့်ပတ်သက်၍ ကျယ်ပြန့်သည့် အခန်းကဏ္ဍ နေတိုးရရှိရေး စဉ်းစားကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က နေတိုးအဖွဲ့ဝင်နိုင်ငံများကို လွန်ခဲ့သည့်ရက်သတ္တပတ်က တိုက်တွန်းခဲ့သည်။ သို့ရာတွင် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုကို ဆန့်ကျင့်ခဲ့သည့် ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့က သဘောမတူဘဲ ငြင်းဆန်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုက အီရတ်ပြည်သူလူထုအား အချုပ်အခြာအာဏာ လွှဲပြောင်းမည့် ဇူလိုင် ၁ ရက် နောက်ပိုင်းတွင် အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တွင် နေတိုးက ပါဝင်ပတ်သက်ရန် အကြောင်းမရှိတော့ကြောင်းဖြင့် ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီး မိုက်ကယ်ဘာနီယာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပိုမိုဆိုးရွားလာသော အီရတ်အခြေအနေ ရုရှားစိုးရိမ်

မော်စကို ဧပြီ ၇

ကုလသမဂ္ဂ၏ တက်ကြွသော အခန်းကဏ္ဍနှင့် အတူ အီရတ်အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့အသိုက်အဝန်းတစ်ခုလုံးက ပါဝင်ဆောင်ရွက်ခြင်းဖြင့်သာလျှင် အီရတ်ပြဿနာကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း အီရတ်မှ ပိုမိုဆိုးရွားလာသော အခြေအနေနှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒာယာကိုဗင်ကိုက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ရုရှားနိုင်ငံက အီရတ်အရေးတွင် ထိုသို့ ဆောင်ရွက်ရန် လိုလားကြောင်းဖြင့်လည်း အလက်ဇန္ဒာယာကိုဗင်ကိုက မော်စကို၌ ပြောဆိုသည်။ အလက်ဇန္ဒာယာကိုဗင်ကိုက ဆက်လက်ပြောကြားရာတွင် အီရတ်မှ ခုခံတိုက်ခိုက်မှု ဆက်တိုက်ဖြစ်ပေါ်နေခြင်းကို အဆုံးသတ်ရန် အရေးကြီးသည်ဟု ဆိုသည်။

ထိုအပြင် အီရတ်ပြည်သူများနေဖြင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရန်၊ အီရတ်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းရန်၊ ကမ္ဘာ့အသိုက်အဝန်းအတွင်းသို့ အီရတ်နိုင်ငံပြန်ဝင်ရောက်ရေး ကြိုးပမ်းရန်လိုအပ်ကြောင်း ၎င်းကတိုက်တွန်းသည်။ ***အင်တာနက်။***

အီရတ်တွင် ဒဗလျူအမ်ဒီလက်နက်များ မရှိဟု လက်နက်စစ်ဆေးရေးမှူးက စီအိုင်အေကို သတိပေးခဲ့

လော့စ်အိန်ဂျလိစ် ဧပြီ ၈

လူအစုအပြုံလိုက်သေစေသည့် အဖျက်လက်နက်များ (ဒဗလျူအမ်ဒီ) အီရတ်နိုင်ငံတွင်မရှိကြောင်း လက်နက်စစ်ဆေးရေးမှူး ဒေးဗစ်ကေးက ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)အား လွန်ခဲ့သည့်နှစ်ဇူလိုင်လက သတိပေးခဲ့ကြောင်း၊ သို့ရာတွင် ယင်းကိစ္စအား အမေရိကန်အောက်လွှတ်တော်သို့ တင်ပြရန်နှင့် အမေရိကန်ပြည်သူလူထုအားအသိပေးရန် လပေါင်းများစွာ အချိန်ကြာမြင့်ခဲ့ကြောင်းဖြင့် မေလထုတ် ဗင်နီတီဖဲယားမဂ္ဂဇင်း၏ အထူးသတင်းအဖြစ် ဖော်ပြထားသည်။

အမေရိကန်သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် အဖျက်လက်နက်များရှိကြောင်း အဓိကအကြောင်းပြကာ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တိုက်တွန်း

စီအိုင်အေ၏ ဖိတ်ကြားချက်အရ ဒေးဗစ်ကေးသည် အီရတ်နိုင်ငံသို့ ရောက်ရှိပြီး တစ်လပြည့်ခါနီးအချိန်တွင် ထောက်လှမ်းရေးဌာနညွှန်ကြားရေးမှူးဂျော့ဂျ်တင်းနက်ထံသို့ အီရတ်နိုင်ငံသည် အဖျက်လက်နက်များ မထုတ်တော့ကြောင်းကို အီလက်ထရွန်းနစ် စာပို့စနစ်ဖြင့် ပေးပို့အကြောင်းကြားခဲ့ကြောင်း၊ ထို့အပြင်ဒေးဗစ်ကေးက ဒီဇင်ဘာလအတွင်း အလုပ်မှထွက်ရန် အဆင်သင့်ရှိသည်ဟု ပြောကြားခဲ့ကြောင်း၊ သို့ရာတွင် ၎င်းစောစီးစွာ အလုပ်မှထွက်သွားပါက အခြေအနေ ဆိုးရွားနိုင်ဖွယ်ရှိ၍ လုပ်ငန်းတွင် ဆက်လက်တာဝန်ယူရန် တိုက်တွန်းခဲ့ကြောင်း၊ နောက်တစ်လအကြာတွင် ဒေးဗစ်ကေး အလုပ်မှထွက်ခဲ့ကြောင်း "ဗင်နီတီဖဲယား" မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ဒေးဗစ်ကေး၏ အစီရင်ခံစာတွင် စကားလုံးပေါင်း ၂၂,၀၀၀ပါဝင်ပြီး ထုတ်သမျှအစီရင်ခံစာထဲတွင် အရှည်ဆုံးဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်းက ပြောကြားသည်။ ယင်းအစီရင်ခံစာကို ယခုရက်သတ္တပတ်တွင် ရောင်းချမည်ဖြစ်သည်။

ဒေးဗစ်ကေးက အီရတ်နိုင်ငံတွင် အဖျက်လက်နက်များ ထုတ်လုပ်မှု မရှိတော့ဟု ၎င်း၏ အစီရင်ခံစာတွင် ကောက်ချက်ချကြောင်း၊ ယင်းနောက်ဘဂ္ဂဒက်တွင်ရှိနေစဉ် စီအိုင်အေဒုတိယ ညွှန်ကြားရေးမှူး ဂျွန်မက်လောလင်းထံမှ တယ်လီဖုန်းဆက်သွယ်မှု ရရှိခဲ့ပြီး ယင်းအဖျက်လက်နက်ပြဿနာကိုင်တွယ်ရေးနှင့်စပ်လျဉ်း၍လွန်စွာသတိထားရမည်ဟု ပြောကြားခဲ့ကြောင်း ဒေးဗစ်ကေးကပြောကြားသည်။

ယင်းအကျိုးဆက်ကြောင့် အောက်လွှတ်တော်တွင် လပေါင်းများစွာကြာပြီး ပြည်သူလူထုအနေဖြင့်လည်း အမှန်တရားကို လပေါင်းများစွာကြာမြင့်မှ သိရှိကြရကြောင်းဖြင့် ဖော်ပြပါမဂ္ဂဇင်း ကရေးသားသည်။***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၅ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့၏ ဆင်ခြေဖုံးဒေသတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ ကျင်းတူး နေရာယူနေကြသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စင်ကာပူစစ်သည်များ အီရတ်တွင်ချထားရာမှ ပြန်လည်ရုပ်သိမ်းလိုက်ပြီ

စင်ကာပူ ဧပြီ ၈

အီရတ်သို့ စေလွှတ်ထားသော စင်ကာပူတပ်ဖွဲ့ဝင်များအနက် နောက်ဆုံးအသုတ်သည် တနင်္လာနေ့က မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်၍ ပင်လယ်ကွေ့ဒေသတွင် မိမိတို့နိုင်ငံမှ တပ်ဖွဲ့ဝင်များ ကျန်ရှိခြင်းမရှိတော့ကြောင်း စင်ကာပူကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖလီစီရာတန်က ပြောကြားသည်။

စေလွှတ်ထား

ဖေဖော်ဝါရီလအတွင်းက စင်ကာပူစစ်သည် ၃၁ဦးနှင့် စီ-၁၃၀အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းကို အီရတ်နိုင်ငံသို့ စေလွှတ်ထားခဲ့သည်။ အချို့တပ်ဖွဲ့ဝင်များမှာ ပြီးခဲ့သောတနင်္ဂနွေနေ့က စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့်ပင် ပြန်လာကြပြီး ကျန်တပ်ဖွဲ့ဝင်များမှာ ကုန်သွယ်လေကြောင်းခရီးစဉ်ကို အသုံးပြုပြီး တနင်္လာနေ့က စင်ကာပူသို့ပြန်ခဲ့ကြခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ယမန်နှစ်က အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၁၂၀ လိုက်ပါသော စစ်သင်္ဘောတစ်စင်းကို စေလွှတ်ခဲ့သေးသည်။

အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေးကိစ္စနှင့် ဩစတြေးလျအတိုက်အခံပါတီတို့က မိမိတပ်ဖွဲ့များကို စပိန်နိုင်ငံကဲ့သို့ပင် ပြန်လည်ရုပ်သိမ်းသွားမည့်အကြောင်း သတင်းများထွက်ပေါ်နေချိန်တွင် စင်ကာပူမှတပ်ဖွဲ့များ အီရတ်မှ ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်ကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၆ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အရှေ့တောင်ဘက် ဆာဒါးမြို့တွင် ကင်းလှည့်နေသော အမေရိကန်သံချပ်ကာကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ကန်တို့ကို နေ့စဉ် ဆန့်ကျင်တိုက်ခိုက်နေသည့် ဖော်လူဂျာမြို့ကို အမေရိကန်တို့၏ သင်္ချိုင်းအဖြစ် ရည်ညွှန်းပြောဆို

ဖော်လူဂျာ ဧပြီ ၇

အထူးသဖြင့် မကြာသေးမီ ရက်သတ္တပတ်များအတွင်းက အီရတ်နိုင်ငံကို သိမ်းပိုက်ထားသော နိုင်ငံခြားတပ်များကိုခုခံတိုက်ခိုက်မှုကြောင့်ဖော်လူဂျာမြို့မှာ ပိုမိုလူသိများလာရသည်။

သင်္ကေတဖြစ်

အမေရိကန် တပ်ဖွဲ့ဝင်များမှာ ဖော်လူဂျာမြို့တွင်နေ့စဉ်မပြတ်အတိုက်ခံနေရသည်။ ထို့ပြင် အမေရိကန်အရပ်ဘက် ကန်ထရိုက်လေးဦးအား မကြာမီကသတ်ဖြတ်ခြင်းဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်များအတွက် အလုပ်လုပ်ပေးသူများအား တိုက်ခိုက်မှုအဆင့်သစ်သို့ ရောက်သွားသည့်အမှတ်သင်္ကေတဖြစ်သည်။

ဖော်လူဂျာမြို့မှာ ရိုးယိုက်အများစုရှိပြီး ဆွန်နီတို့ ကြီးစိုးခဲ့သည်။ အီရတ်နိုင်ငံမှ ဆွန်နီတြိဂံနယ်မြေဒေသအတွင်းမှ မြို့တစ်မြို့ဖြစ်သည်။

ရည်ညွှန်း

ဤဒေသသည် ဆက်ဒမ်ဟူစိန်၏ မွေးရပ်မြေ တီကရစ်မြို့နှင့် ပူးပေါင်းလျှပ်ရှားသည့်ဒေသလည်း ဖြစ်သည်။

ခုခံတွန်းလှန်သူတို့က သတ်လိုက်သည့် အမေရိကန် အရပ်သား လေးဦး၏ ရုပ်အလောင်းကို ဝိုင်းကြည့်သည့် လူအုပ်ကြီးအတွင်းမှ အီရတ် လူငယ်မိုဟာမက်က "ဒါဟာ ဖော်လူဂျာကို လာတဲ့ အမေရိကန် အားလုံးရဲ့ ကံကြမ္မာပါပဲ" ဟုဆိုကာ အမေရိကန်သင်္ချိုင်းအဖြစ် ဖော်လူဂျာ ကို ရည်ညွှန်းပြောဆိုသည်။

အင်တာနက်။

အီရတ် ရှေးဟောင်း အဆောက်အအုံများ စစ်ဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးရ

အစ်ဖန် ဧပြီ ၈

ကမ္ဘာလှည့်ခရီးသည်တို့ အချိန်ကြာမြင့်စွာ စွန့်ပစ်ထားသော အီရတ်နိုင်ငံ၏ ရှေးဟောင်းတက်ဆီဖန် နန်းတော်မှ ပျက်ယွင်းနေသော ခုံးမိုးစကြံမှာ ပြိုမကျနိုင်သေးကြောင်း ကျွမ်းကျင်သူများက ပြောသော်လည်း စိုးရိမ်စရာပင် ပိုမိုကွဲအက်လာပြီဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ ခုံးမိုးစကြံမှာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးခန်းဖွင့်တစ်ခုတည်းရှိ အုတ်မုခ်ခုံးစကြံ ဖြစ်သည်။ တက်ဆီဖန်ရှေးဟောင်းမြို့မှာ ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာ တိုက်ဂရီးစ်မြစ်၏ အရှေ့မြောက်ဘက်ကမ်းတွင်တည်ရှိပြီး ပသီဘုရင်မစ်သရီဒိတ်၂ရာစုနှစ်က တည်ထောင်ခဲ့သော အိုပစ်မြို့ အနီးတွင်ရှိသည်။ လူ့ယဉ်ကျေးမှုအစ ထွန်းကားခဲ့သည့် နိုင်ငံတစ်နိုင်ငံ၌ ထိုနေရာထိုဒေသမှာ တစ်ချိန်က ကမ္ဘာလှည့်ခရီးသည်များ စည်ကားခဲ့သည်။ ယခုအခါ ခရီးသည်များ ရှားရှားပါးပါးသာ လာကြတော့ကြောင်း လွန်ခဲ့သည် ၁၅ နှစ်က ဤနေရာတွင် ထိန်းသိမ်းအုပ်ချုပ်ခဲ့သူ ခါဒက်က ပြောဆိုသည်။ လာရောက်လေ့လာသူများတွင် အာရာဖတ်နှင့် ဂျော်ဒန်ဘုရင်ဟူစိန်တို့ကို သူပြန်လည်သတိရကြောင်း ခါဒက်က ပြောပြသည်။

အီရတ်စစ်ပွဲကြောင့် ထိုရှေးဟောင်းအဆောက်အအုံများမှာ ကွဲအက်လာကြရပြီဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောဆိုသည်။ နံရံကိုဒုံးကျည်ထိမှန်သဖြင့် အချို့သော အုတ်များကျိုးပဲ့ပျက်စီးကုန်သည်ဟု သိရသည်။ ***အင်တာနက်။***

လုံခြုံရေးအခြေအနေကြောင့် အီရတ်၌ ကန်ထရိုက်လုပ်ရန် ဆွစ်ဇာလန်ကုမ္ပဏီများ စဉ်းစားချိန်ဆနေရ

ဇူးရစ် ဧပြီ ၈

အီရတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးရေးလုပ်ငန်းအတွက် ကန်ထရိုက်ဆွဲခြင်းမှာ အကျိုးအမြတ်အများဆုံးသော လုပ်ငန်းများတွင် ပါဝင်သော်လည်း စစ်ပြီးခေတ်အီရတ်တွင် ထိုကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိရေးကို ဆွစ်ဇာလန်ကုမ္ပဏီများက ချိန်ဆလျက်ရှိသည်။

နိုင်ငံရေး မတည်မငြိမ်ဖြစ်၍ ပျက်စီးလျက်ရှိသော အီရတ်နိုင်ငံ၌ စီးပွားရေး အခွင့်အလမ်းများ ရယူရေးအတွက် ဇူးရစ်မြို့တွင် ကုမ္ပဏီ၅၀မှ ကိုယ်စားလှယ်များသည် လွန်ခဲ့သည့်ရက်သတ္တပတ်က တွေ့ဆုံဆွေးနွေးကြသည်။

အီရတ်တွင်သွားရောက်အလုပ်လုပ်ရန် အရပ်သားများအတွက် လုံခြုံရေးအန္တရာယ် စိုးရိမ်နေကြရသည့်ကြားမှပင် ထိုအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန် အရပ်ဘက်ကန်ထရိုက်လေးဦးတို့ ဖော်လူဂျာမြို့၌ လွန်ခဲ့သည့်ရက်သတ္တပတ်က သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

အင်တာနက်။

သကြိန်တွင်း အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၁)ရပ်ကွက် မင်္ဂလာရာမပရိယတ္တိ စာသင်တိုက်ကြီးတွင် မြောက်ဥက္ကလာရွှေဥမင်ဆရာတော်ကြီးအား ဦးထိပ်ထား၍ သကြိန်တွင်း ၁၀ ရက် အထူးတရားစခန်းပွဲကို ဧပြီ ၈ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပြီး ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဂုဏစာရာလင်္ကာရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောပြောပြသမည်ဖြစ်သည်။ (က-ပ)

ပြိုးခြိမ့်ချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အစဉ်အလာကောင်းခဲ့သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

စိုးတင့် (I.W.T)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်တို့ရှိသည်။ မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေသည့် တောင်တံတိုင်းကြီးများအကြားတွင် မြောက်ဘက်ကုန်းမြင့်ဒေသမှ မြစ်ဖျားခံလာသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်တို့ရှိသည်။ အဆိုပါ မြစ်ကြီးများအတွင်းသို့ သွယ်သော မြစ်ငယ်၊ ချောင်းငယ်များက ပေါင်းဆုံစီးဝင်ကြသည်။ အဆိုပါမြစ်ကြီးမြစ်ငယ်များစွာတို့သည် သောက်သုံးရန်၊ စိုက်ပျိုးရန်သာမက သွားလာမှုတို့ကို အဓိကပံ့ပိုးထောက်ကူလျက်ရှိသည်။ ရှေးအခါက လူတို့သည် ရေကြည်ရာ၊ မြက်နုရာရှာဖွေရင်း မြစ်ကြီးမြစ်ငယ်များဆီသို့ ရောက်ရှိခဲ့ကြသည်။ ယဉ်ကျေးမှုတို့ တိုးတက်ခဲ့ကြသည်။ မြို့ပြ၊ ကျေးလက်တို့မှာ မြစ်ဝှမ်းဒေသများတွင် ဖွံ့ဖြိုးဝေစည်ခဲ့သည်။

သွားလာဆက်သွယ်မှုသည် အစုအဖွဲ့လိုက် နေထိုင်ကြသည့် လူသားတို့ကို ပိုမိုနီးစပ်နားလည်ရင်းနှီးစေခဲ့သည်။ ကုန်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ လဲလှယ်ရောင်းချမှု ဖြစ်ပေါ်ခိုင်မြဲစေခဲ့သည်။ လူ့အဖွဲ့အစည်းကြီးအား ပိုမိုနွေးထွေးအေးချမ်း စည်ပင်ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ သွားလာဆက်သွယ်မှု၌ တောကိုဖြတ်၍ တောင်ကိုကျော်၊ လွင်ပြင်ကျယ်ကြီးများကို ဝန်းပတ်ကွေ့ဝိုက်ကြရသည်။ ခရီးတွင်ကျယ်မှုနှင့် ကုန်စည်သယ်ယူမှုတို့၌ အကန့်အသတ်ရှိနေသည်။ သွားလာမှုလွယ်ကူသက်သာ၍ ကုန်စည်သယ်ယူပို့ဆောင်ရေး ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်သည်မှာ ရေကြောင်းပို့ဆောင်ရေးဖြစ်သည်။

ရေကြောင်း သွားလာပို့ဆောင်ရေးအတွက် ကြံဆခဲ့ကြရာမှ ရေယာဉ်၊ သင်္ဘောတည်ဆောက်မှု အတတ်ပညာတို့ တိုးတက်စေခဲ့သည်။ ဆိပ်ကမ်း၊ ဆိပ်ခံဘောတံတား တည်ဆောက်မှုတို့ ဖွံ့ဖြိုးလာသည်။

ကုန်သွယ်ရောင်းဝယ် ပို့ဆောင်မှုစသည်တို့ အပြောင်းလဲကြီးပြောင်းလဲခဲ့သည်။ ကျေးလက်၊ မြို့ရွာမှ ခရိုင်၊ ပြည်နယ်၊ ၎င်းမှသည် ပြည်ထောင်စုတစ်ဝန်းထိုထက်လွန်၍ တိုင်းစွန်ပြည်ဖျားမှ တိုင်းခြားပြည်ခြားအထိ ဖြန့်ကြက်ကူးလူးခဲ့ကြသည်။ အချုပ်အခြာနှင့် နိုင်ငံ၏ ခံ့ထည်စည်ပင်မှုအား တိုင်းတစ်ပါးသားတို့ သိကြားစေခဲ့သည်။ အဆိုပါ တိုင်းပြည်များမှ လူသုံးကုန်မှသည် ယဉ်ကျေးမှု၊ စက်မှုနှင့်နည်းပညာများ ကူးလူးရယူခွင့် ရှိလာသည်။ အတိုင်းတိုင်းအပြည်ပြည်နှင့် သံခင်း၊ တမန်ခင်း ခံ့ထည်စွာဖြင့် ထိရောက်သည့် အကျိုးအမြတ်ကို ဖြစ်ပေါ်စေခဲ့ခြင်းသည် ရေကြောင်းပို့ဆောင်ရေး၏ စွမ်းအားများ ဖြစ်ပေသည်။

ရှေးအခါက ရေကြောင်းပို့ဆောင်ရေး၏ အခန်းကဏ္ဍမှာ မိမိမြို့ရွာနယ်ပယ် အစုအဖွဲ့အလိုက်သာ ကူးလူးဆက်သွယ်မှုရှိခဲ့သည်။ အခွန်ဆိပ်၊ အကောက်ဆိပ်တို့ဖြင့်သာ ရှိခဲ့သည်။ နယ်ချဲ့တို့သည် ရေပြင်ကိုခြေတင်ကာ ကမ္ဘာတစ်ခွင်၌ နေမဝင်အင်ပါယာများ ထူထောင်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာ့ရေကြောင်းကို စီးပွားရေးအကျိုးအမြတ်အဖြစ် အသွင်ဖန်တီးနိုင်ခဲ့သည်။ ဧရာဝတီ ဖလိုတီလာ ကုမ္ပဏီလီမိတက်သည် ၁၈၆၅ ခုနှစ်တွင် ရန်ကုန်-သရက် ခရီးလမ်းကြောင်းကို စတင်ပြေးဆွဲခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အကျဉ်းသားတို့၏ လုပ်အားဖြင့် တွံတေးတူးမြောင်းကို ဖောက်လုပ်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ဆက်လက်တိုးချဲ့ ဖောက်လုပ်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် တွံတေးတူးမြောင်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာခဲ့သည်။ အဆိုပါ လုပ်ထုံးကို ဧရာဝတီ ဖလိုတီလာကုမ္ပဏီက လက်ဝါးကြီးအုပ်ထားခဲ့သည်။

၁၉၀၀ ပြည့်နှစ်တွင် ဧရာဝတီဖလိုတီလာကို ယှဉ်ပြိုင်ရန် ဦးနာအောက်သည် စကော့တလန်နိုင်ငံ မက်ကီအင်ဘက်စတာကုမ္ပဏီမှ နှစ်ထပ်သင်္ဘော ခုနစ်စင်းနှင့် တစ်ထပ်သင်္ဘောနှစ်စင်းကို မှာယူတင်သွင်းပြီး "မနှင်းဆီ"အမည်ဖြင့် မြန်မာမီးသင်္ဘောကုမ္ပဏီကို ထူထောင်ခဲ့သည်။ မုတ္တမသင်္ဘောကျင်းကိုလည်း တည်ထောင်ခဲ့သည်။ ဧရာဝတီ ဖလိုတီလာ၏ မီးသင်္ဘောခ၏ ထက်ဝက်ခန့် လျှော့ချယှဉ်ပြိုင်ပြေးဆွဲခဲ့သည်။ ထို့နောက် အဆင့်ဆင့် ယှဉ်ပြိုင်လျှော့ချရင်း အခမဲ့ သယ်ယူပို့ဆောင်ပေးခဲ့သည်။ နယ်ချဲ့တို့၏ စီးပွားရေးယုတ်မာမှုကို မယှဉ်သာ၍ ထိုသင်္ဘောကိုးစင်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီသို့ပင် ရောင်းချခဲ့ရသည်။ မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို နှစ်ပေါင်း ၈၀ ကျော် မတရားအမြတ်ထုတ် ကုပ်သွေးစုပ်ခဲ့သည့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီသည် ကံကြမ္မာတစ်ပတ်လည်ကာ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် နိဂုံးချုပ်ခဲ့ရပေသည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အဓိကရည်မှန်းချက် ဆောင်ပုဒ်များဖြစ်သော ရေယာဉ်နှင့် ခရီးသည် အန္တရာယ်ကင်းရှင်းရေး(Safety)၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး (Service)၊ လုပ်ငန်းခွင်အသွင်အပြင် ကောင်းမွန်ရေး (Image) ဆောင်ပုဒ်များနှင့်အညီ ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways)ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်ရှိ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရီးသည်၊ မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေစေရေးအတွက် ကူးတို့လမ်းများ ပြေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင်ကုန်ပစ္စည်းများ၊ ပို့ကုန်သွင်းကုန်ပစ္စည်းများ၊ နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သောကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိကပိုင် ပစ္စည်းများကို နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသော စီးပွားရေးစနစ် ဦးတည်ချက်နှင့်အညီ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအား အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စီမံရေးရာဌာန၊ စစ်ဆေးရေးဌာန၊ ငွေစာရင်းဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာန၊ ပို့ဆောင်ရေးဌာန၊ အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာနဟူ၍ ဌာနကြီးခုနစ်ခုဖြင့် ဖွဲ့စည်းထားရှိသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန် ဌာနခွဲငါးခုကို ဖွဲ့စည်းထားရှိသည်။

(၁)	မြစ်ဝကျွန်းပေါ်ဌာနခွဲ	(ပဲခူးတိုင်း၊ ဧရာဝတီတိုင်း)
(၂)	ဧရာဝတီဌာနခွဲ (မန္တလေးအခြေပြု)	(မကွေးတိုင်း၊ ကချင်ပြည်နယ်)
(၃)	ချင်းတွင်းဌာနခွဲ (မုံရွာအခြေပြု)	(စစ်ကိုင်းတိုင်း)
(၄)	သံလွင်ဌာနခွဲ (မော်လမြိုင်အခြေပြု)	(ကရင်ပြည်နယ်၊ မွန်ပြည်နယ်)
(၅)	ရခိုင်ဌာနခွဲ (စစ်တွေအခြေပြု)	(ရခိုင်ပြည်နယ်)

အထက်ပါဌာနခွဲများသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသများ၊ ရခိုင်၊ မွန်နှင့် ကရင်ပြည်နယ်ရှိ မြစ်ကြောင်းများတွင် ခရီးသည်နှင့် ကုန်စည်များ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် ခရီးသည်နှင့် မော်တော်ယာဉ်များ သွားလာမှုအဆင်ပြေရေးအတွက် ကူးတို့လမ်းများ ပြေးဆွဲခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လုပ်ငန်းနှင့် ဒေသလိုအပ်ချက်အလိုက် ပုံမှန်ရေယာဉ်လမ်းများ၊ အထူးအမြန်ရေယာဉ်လမ်းများ ပြေးဆွဲပေးလျက်ရှိပါသည်။ နိုင်ငံတော်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကများသို့ ရေယာဉ်ငှားရမ်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ရေလမ်းခရီးမိုင် ၆၅၉၇ မိုင်ကို စက်ရှိရေယာဉ် ၂၀၈ စင်း၊ စက်မဲ့ ၁၆ စင်း၊ ဆိပ်ခံ ၄၁ ခုတို့ဖြင့် ခရီးစဉ်ပုံမှန်၊ အမြန်၊ ထူးမြန် ၅၃ လမ်းနှင့် မြစ်ကူး၊ ကူးတို့ ၁၀ လမ်းတို့ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

မြို့ရွာဒေသအလိုက် ဗုဒ္ဓပူဇနိယပွဲတော်များ နှစ်စဉ် ကျင်းပပေးလေ့ရှိသည့် အားလျော်စွာ မြတ်မော်တင်(ဆံတော်ရှင်) ဘုရားပွဲတော်၊ စစ်ကိုင်းတိုင်း ပတ္တမြားစေတီဘုရားပွဲတော်၊ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ ပေါင်းဝကျေးရွာ ရွှေစည်းခုံဘုရားပွဲတော်၊ စစ်ကိုင်းတိုင်း အညာသီဟ တောဘုရားပွဲတော်၊ ရခိုင်ပြည်နယ် ဆံတော်ရှင်ဘုရားပွဲတော်နှင့် ကျုံမငေးစွယ်တော် ဘုရားပွဲတော်များသို့ ပို့ဆောင်ပေးလျက်ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနခွဲကြီးတစ်ခုဖြစ်သည့် ကုန်စည်ပို့ဆောင်ရေးဌာနအနေဖြင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆန်စပါး၊ ဘိလပ်မြေ၊ သစ်လုံး၊ သစ်ခွဲသား၊ ကျောက်စရစ်၊ ရေနံထွက်ပစ္စည်းများ၊ ကျောက်မီးသွေး၊ ရေနံ၊ မီးသွေးစသည်တို့ဖြင့် ဝန်ကျယ်ပြီး တစ်ကြိမ်တည်း အမြောက်အမြား သယ်ယူရမည့် ကုန်ပစ္စည်းများအပြင် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းလိုအပ်ချက်အရ ပို့ဆောင်ရန်ရှိသည့် စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်ကြီးများနှင့် လေးလံသည့် ကုန်ပစ္စည်းများအား နေ့ညမဟူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုန်စည်ပို့ဆောင်ရေးဌာနခွဲသည် ရန်ကုန်မြို့မှ မန္တလေးမြို့အထိ၊ ၎င်းမှ ဧရာဝတီမြစ်ညာ ဗန်းမော်မြို့အထိ ရေလမ်း မိုင် ၈၅၄ မိုင်နှင့် ရန်ကုန်မြို့မှ ချင်းတွင်းမြစ်ညာ ခန္တီးမြို့အထိ ရေလမ်းမိုင် ၁၀၁၈ မိုင် စုစုပေါင်း ၁၈၇၂ မိုင်ကို စက်ရှိရေယာဉ် ၉၅ စင်း၊ စက်မဲ့ရေယာဉ် ၁၁၃ စင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။ စက်ရုံများအတွက် လိုအပ်သည့် ကုန်ပစ္စည်းများအား စီမံချက်ချ၍ သယ်ဆောင်ခြင်း၊ ဧရာဝတီ မြစ်ရိုးတစ်လျှောက်ရှိ ဒေသခံပြည်သူများ၊ အထက်၊ အောက်ကုန်ပစ္စည်းများအား တစ်နေရာတည်းတွင် အလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် ဈေးသင်္ဘောပြေးဆွဲမှုကို ၁၉၉၃ ခုနှစ်မှစ၍ "မြ" အမျိုးအစားရေယာဉ်ကြီးအား ကုန်တွဲနှစ်တွဲဖြင့် စုစုပေါင်း တန် ၁၂၅၀ သယ်ဆောင်ပြေးဆွဲပေးလျက်ရှိပါသည်။ ပုဂ္ဂလိက အရောင်းဆိုင်များသာမက အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဝင်းသူဇာအရောင်းဆိုင်နှင့် အခြားသော ဝန်ကြီးဌာနများမှ ဈေးဆိုင်များဖွင့်လှစ်ပြီး ရန်ကုန်မှ မန္တလေးမြို့အထိ ဧရာဝတီ မြစ်ကမ်းတစ်လျှောက် သတ်မှတ်ဆိပ်ကမ်းတွင် ရပ်နားရောင်းချပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် သယ်ပို့ဌာနခွဲငါးခုနှင့် ကုန်စည်ပို့ဆောင်ရေးဌာနတို့၏ စွမ်းဆောင်မှုကြောင့် ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ် သန်း ၂၁၅ ဒသမ ၂၀ သန်း ရရှိခဲ့ရာမှ နှစ်စဉ် ဝင်ငွေတိုးတက်ရရှိခဲ့ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ် သန်း ၃၈၁၁ သန်းကျော် တိုးတက်ရရှိခဲ့ခြင်းနှင့် အသုံးစရိတ်နှင့် ဝင်ငွေအချိုး ၄၈ ဒသမ ၈၄ ရာခိုင်နှုန်းရရှိခဲ့ခြင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြောင်း သိသာထင်ရှားလှပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနတစ်ခုဖြစ်သော အင်ဂျင်နီယာဌာနသည် စက်ရှိ၊ စက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများအား ရေယာဉ်ကြံ့ခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကောင်းမွန်ကြံ့ခိုင်စေရန်၊ ရေယာဉ်ဟောင်းများအား အောက်ခြေသိမ်း ပြင်ဆင်ခြင်း၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ် ကျင်းတင်ပြင်ဆင်ခြင်း လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေခွင့်ပြုချက်အပေါ်မူတည်၍ သက်ဆိုင်ရာ လုပ်ငန်းဆက်နွှယ်သည့် ဌာနများနှင့် ညှိနှိုင်းကာ စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။

အင်ဂျင်နီယာဌာနသည် ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာရှင်များ၊ နည်းပညာရှင်များ၊ ရေယာဉ်လိုက် ဝန်ထမ်းများ လုံလောက်သော အင်အားရှိနေစေရေးနှင့် အရည်အသွေး ပြည့်မီရေးအတွက် စုဆောင်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ခွဲဝေနေရာချထားခြင်းတို့ကိုလည်းကောင်း၊ ရေယာဉ်စက်ကိရိယာ ပြုပြင်မွမ်းမံခြင်းနှင့် ပတ်သက်၍ နည်းစနစ်မှန်ကန်စေရေး၊ အသုံးပြုသည့် ပစ္စည်းများမှန်ကန်ရေး၊ လေလွင့်ပြုန်းတီးမှု လျော့ပါးရေးတို့အတွက် ကြပ်မတ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ရပါသည်။

ရေယာဉ်များ၊ စက်ပစ္စည်းကိရိယာများ၊ စက်ရုံအဆောက်အအုံများ၊ လွန်းကျင်းများ၊ အစားထိုးလဲလှယ်ရန်နှင့် စွမ်းအားတိုးချဲ့ရင်းနှီးရန် လိုအပ်ပါက လိုအပ်ချက်များကို တင်ပြခြင်း၊ သင့်တော်မည့် သင်္ဘောကျင်းသုံး စက်ကိရိယာများ၊ ရေယာဉ်စက်မကြီးများ၊ မီးစက်များ၊ ရေယာဉ်သုံးကိရိယာ တန်ဆာပလာများ၊ အခြားလျှပ်စစ်ကိရိယာများကို လေ့လာခြင်း၊ ရွေးချယ်ခြင်း၊ ဝယ်ယူခြင်းစသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းကုန်ကျစရိတ် အနည်းဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကို အထိရောက်ဆုံးအသုံးချပြီး ဒေသဆိုင်ရာ လိုအပ်ချက်များနှင့် လျော်ညီမှုရှိသော ရေယာဉ်များကို ပုံစံထုတ် တည်ဆောက်ပေးခြင်းနှင့် ရေယာဉ်များ စွမ်းအားအပြည့်အဝ ရရှိရေးနှင့် လမ်းခရီးတွင် ခုတ်မောင်းနေချိန်၌ ကြံ့ခိုင်မှု အပြည့်အဝရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရပါသည်။ အင်ဂျင်နီယာဌာနတွင် စက်ပြင်ဌာနခွဲ၊ ရေယာဉ်စု အင်ဂျင်နီယာဌာနခွဲ၊ ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ မန္တလေးသင်္ဘောကျင်း၊ မုတ္တမသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ချင်းတွင်းသင်္ဘောကျင်းဟူ၍ ဌာနခွဲရှစ်ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သင်္ဘောကျင်းများအနက် နှစ် (၁၀၀)ပြည့် အလုံသင်္ဘောကျင်း၏ ထူးခြားချက်တချို့ကို တင်ပြလိုပါသည်။ အလုံသင်္ဘောကျင်းသည် ရန်ကုန်တိုင်း အလုံမြို့နယ် ကမ်းနားလမ်း အမှတ်(၇၀၇)တွင် တည်ရှိသည်။ မြောက်ဘက်တွင် သခင်မြပန်းခြံ၊ အရှေ့ဘက်တွင် ရွာသစ်ချောင်း၊ တောင်ဘက်တွင် ရန်ကုန်မြစ်နှင့် အနောက်ဘက်တွင် ကုန်သေတ္တာများ တင်ပို့လက်ခံဆောင်ရွက်ပေးနေသည့် ရန်ကုန်စက်မှုဆိပ်ကမ်းတို့ ဝန်းရံတည်ရှိလျက်ရှိသည်။ အကျယ်အဝန်းမှာ ၂၈ ဒသမ ၆၂ ဧကရှိပါသည်။ ၁၉၀၄ ခုနှစ်တွင် အင်္ဂလိပ်အစိုးရထံမှ ဧရာဝတီ ဖလိုတီလာကုမ္ပဏီက ဝယ်ယူခဲ့ပြီး ရန်ကုန်ဖောင်ဒရီအမည်ဖြင့် ရေယာဉ်ပြင်ဆင်ခြင်းနှင့် သံရည်ကျိုခြင်း၊ ကြေးရည်ကျိုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

၁၉၄၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၄၄ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ ၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် ၂၄ ဖြင့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရန်ကုန်ဖောင်ဒရီအမည်မှ အလုံသင်္ဘောကျင်းအမည်သို့ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

အလုံသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာဌာနမှ သင်္ဘောကျင်း ခြောက်ကျင်းအနက် ဒုတိယအကြီးဆုံး သင်္ဘောကျင်းဖြစ်သည်။ အလုံသင်္ဘောကျင်းသည် ရေချိုဖြန့်ဝေရာ၌ ထင်ရှားခဲ့သည်။ ရန်ကုန်မြစ်အတွင်းရှိ နိုင်ငံခြားသင်္ဘောများသို့ ရေချိုဖြည့်ဆည်းပေးပို့ခဲ့ရာ အလုံသင်္ဘောကျင်းမှ ထွက်ရှိသည့် ရေချိုသည် သန့်စင်မှု၌ ကမ္ဘာသိဖြစ်ခဲ့သည်။ ဌာနပိုင်သင်္ဘောများ၊ လမ်းမတော် မြစ်ဝဌာနခွဲနှင့် ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဒေါပုံမြို့နယ် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ကျေးရွာရပ်ကွက်များသို့ ရေတင်သင်္ဘော ၁၄ စင်းဖြင့် ဖြန့်ဖြူးပေးပို့နိုင်ခဲ့သည်။ ရေကြည်ဌာနဆိပ်တွင် ရေကြည်စစ်ဆေးသူ၊ ဓာတ်ခွဲကျွမ်းကျင်သူတစ်ဦးအား ခန့်ထားစစ်ဆေးစေခဲ့ပါသည်။ ယနေ့တိုင် ရေကြည် ဖြန့်ဖြူးနေဆဲဖြစ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး စက်ရှိ၊ စက်မဲ့၊ ဆိပ်ခံ စုစုပေါင်း ၅၂၉ စင်းအနက် အလျားပေ ၁၀၀၊ တန်ချိန် ၁၅၀ အောက်ရှိ ရေယာဉ်များ၊ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသသွား ခရီးသည်နှင့် ကုန်စည်တင်ရေယာဉ်များကို ပြင်ဆင်ပေးခြင်း၊ ၁၉၆၅ ခုနှစ်မှ ယနေ့အထိ ၂၅ တန်မှ တန် ၅၀၀ အထိ လူစီး၊ ကုန်တင်၊ ကားကူး၊ ဇက်ကူးကမ်းထိုးရေယာဉ် စုစုပေါင်း ၄၀ အား အသစ်တည်ဆောက်ပေးခဲ့ပါသည်။ တစ်နှစ်လျှင် ရေယာဉ်အကြီးစား ပြင်ဆင်ခြင်း ပျမ်းမျှ ၅၈ စင်း၊ အသေးစားပြင်ဆင်ခြင်း ပျမ်းမျှ ၁၈၂ စင်းအား ပြင်ဆင်ခြင်းဖြင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၏ စွမ်းအင်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

၁၉၇၄-၇၅ အထိ ပြေးဆွဲခုတ်မောင်းခဲ့သော ရေနွေးငွေ့သုံး ဘွိုင်လာစက်များ၏ နေရာတွင် ဒီဇယ်အင်ဂျင်စက်များ ပြောင်းလဲတပ်ဆင် အသွင်သစ်နိုင်ခဲ့သည်မှာလည်း အလုံသင်္ဘောကျင်းနှင့် ဒလသင်္ဘောကျင်းတို့ ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန်　ဧပြီ　၈

သုဝဏ္ဏမြို့ (၂၅)ရပ်ကွက် မဟာသရဏဂုံဓမ္မဗိမာန်တော်ကြီးတွင် (၁၁)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခြောက်ရက်တရားစခန်းပွဲနှင့် ဒုလ္လဘရဟန်းခံပွဲကို ဧပြီ ၁၂ရက်မှ ၁၇ရက်ထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အောင်စကြာ်အရှင်စန္ဒာသီရိ အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ပဋိစ္စသမုပ္ပာဒ်တရား၊ သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကျွန်တော့်သင်္ကြန်

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

ယခုကတည်းက ကျွန်တော့်စိတ်ထဲမှာ သင်္ကြန်ကစားနေပါတယ်။ မြန်န္တာသီချင်းနားထောင်လိုက်၊ ရုပ်မြင်သံကြားမှာ လှပျိုဖြူများ သင်္ကြန်သီချင်းများနှင့် မြူးကြွစွာကနေကြတာကို ကြည့်လိုက်နှင့် ပျော်ရွှင်ကြည်နူးကာ သင်္ကြန်စိတ်ဓာတ်ဝင်နေပါတယ်။ လူငယ်လူရွယ်တွေဆိုရင် သင်္ကြန်တွင် အားရပါးရ ပျော်ရွှင်စွာဆင်နွှဲဖို့ စောင့်မျှော်နေကြပြီဖြစ်ပါတယ်။ ကျွန်တော်ကိုယ်ချင်းစာမိပါတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းကလည်း ဒီလိုပါပဲ။ သင်္ကြန်ဆိုတာ ပျော်စရာကောင်းတယ်။ အပျိုလူပျိုတွေ လွတ်လပ်စွာ ရေပက်ကစားကြတယ်။ သီဆိုကခုန်ကြတယ်။ တစ်ဦးနှင့် တစ်ဦး ကျီစယ်ကြတယ်။ သင်္ကြန်မှာ ချစ်သူတွေ့သွားနိုင်တယ်လို့ မျှော်တွေးပြီး ပျော်မြူးခဲ့ကြတယ်။ နိုင်ငံတစ်ဝန်းလုံး ပြည်သူတို့ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြတဲ့ နှစ်သစ်ကူးသင်္ကြန်ပွဲလို့ လူငယ်အနေဖြင့် နားလည်ခဲ့ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တို့ကို ထိန်းသိမ်းသွားရေး၊ ကုသိုလ်ကောင်းမှု အလှူဒါနပြုရေးတို့ကို စဉ်းစားအလေးမထားမိတာအမှန်ပါ။ ဒါပေမယ့် မြို့ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ အဖွဲ့အစည်းအလိုက်၊ မိဘများပါ လူငယ်လူရွယ်များအား သင်္ကြန်ပွဲဆင်နွှဲကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို လေးစားလိုက်နာပြီး ပျော်ရွှင်ကြရန်၊ ဘာသာရေးနှင့်အညီ ကောင်းမှုကုသိုလ်ပြုလုပ်ငန်းများကို ပြုလုပ်ကြရန် ဦးဆောင်ကြပ်မတ်ပေးကြပါတယ်။ မိမိကိုယ်မိမိ အရှက်အကြောက်တရားနှင့် ထိန်းသိမ်းကြပါတယ်။ ဒါကြောင့် ဘာသာရေးနှင့် မြန်မာ့ယဉ်ကျေးမှုတို့ဟာ အဆင်ပြေစွာ အပြန်အလှန်အကျိုးပြုခဲ့ကြပါတယ်။

ကျွန်တော် လူပျိုပေါက်စ ကောလိပ်ကျောင်းသားလေးအနေဖြင့် မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်မှာ ခေါင်းဆောင်ပြီး ခိုင်ရွှေဝါသင်္ကြန်အဖွဲ့ကိုဖွဲ့ကာ ပျော်ရွှင်ခဲ့တဲ့ ၁၉၄၉ခုနှစ်သင်္ကြန်ကို ယနေ့တိုင် အမှတ်ရနေမိပါတယ်။ ရပ်ကွက်လူကြီးမိဘများကလည်း ကျွန်တော့်ကို ယုံကြည်အားပေးကြပြီး သားသမီးများကို ထည့်ကြပါတယ်။ ကျွန်တော်တို့ ကားတစ်စီးငှားပြီး မြို့တွင်းလှည့်လည် ရေပက်ခံကြပါတယ်။ သင်္ကြန်မဏ္ဍပ်ရောက်တိုင်း စနစ်တကျ ကားတစ်စီးချင်း မဏ္ဍပ်ရှေ့မှာ ဝင်ရောက်ရေပက်ခံကြရန် ရပ်မိရပ်ဖလူကြီးများကစီစဉ်ပေးပါတယ်။ ကားရပ်ရင် မဏ္ဍပ်မှ လှပျိုဖြူများက ကျွန်တော်တို့ကားကို လှည့်ပတ်၍ သူတို့သင်္ကြန်သီချင်းဖြင့် ကပြဖြေဖျော်ကြပါတယ်။ ပြီးတော့ အအေးများ၊ မုန့်များဖြင့် ဧည့်ခံပါတယ်။ ကျွန်တော်တို့အဖွဲ့ထွက်ခါနီးတွင် ပြန်လည်၍ ကားပေါ်မှသီဆိုကပြ တုံ့ပြန်ကြပါတယ်။ ရေပက်ရာမှာလည်း ငွေဖလားများ၊ ရေခွက်များရှိရေမွှေးများထည့်ထားတဲ့ရေကို သပြေခက်ဖြင့် ယူပြီးပက်ဖျန်းကြပါတယ်။ ဒီတော့ ချစ်စဖွယ်သူလေးများရဲ့ အလှကိုအေးအေးဆေးဆေး ကြည့်ရှုကြည်နူးခွင့်ရကြပါတယ်။ တချို့ဆို သင်္ကြန်တွင် ဖူးစာဆုံကြပြီး ဘဝကြင်ဖော်များဖြစ်သွားကြပါတယ်။ သင်္ကြန်မှာ တစ်ဦးကိုတစ်ဦး ထိခိုက်နစ်နာစေတဲ့ အပြုအမူ၊ အပြောအဆိုများ မည်သူမျှ မလုပ်ကြပါ။ မလုပ်ရဲကြပါ။ အသိတရားနှင့် စောင့်ထိန်းကြပါတယ်။ အားလုံးက ပျော်ရွှင်ချစ်ကြည်ရေးကိုသာဦးတည်ကြပါတယ်။ ယခု ကျွန်တော်တို့နှင့် သင်္ကြန်တွင် စဘက်၊ ကစားဘက် လူပျို၊ အပျိုများဟာ အဘိုးအဘွားတွေဖြစ်နေကြပါပြီ။ ပြန်ဆုံမိတဲ့အခါ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် သင်္ကြန်အတွေ့အကြုံများကို ပြန်လည် စားမြုံ့ပြန်အလွမ်းသယ်ကြရပါတယ်။ တူ၊ တူမများ၊ မြေးများရဲ့ခေတ်သင်္ကြန်ကို ကြည့်ရှုရင်မောမိကြပါတယ်။ အချိန်ကာလတွေပြောင်းလဲနေပေမယ့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို တည်တံ့ခိုင်မြဲစေလိုကြပါတယ်။

ယခင်က သင်္ကြန်ပွဲ ဆင်နွှဲသူများဟာ ပကာသနကိုဦးစားမပေးဘဲ ချစ်ကြည်စိတ်ချမ်းသာစွာ ပျော်ရွှင်ကြရန်သာ ရည်ရွယ်ခဲ့ပါတယ်။ ဒါကြောင့် ငွေကုန်ကြေးကျမြောက်မြားစွာ အကုန်မခံဘဲ ဆင်ယင်ကျင်းပကြပါတယ်။ အဝတ်အစားများမှာ မြန်မာဆန်ဆန်ဖြင့် ယဉ်လှကြပါတယ်။ မြန်မာဆိုင်းဝိုင်းကြီးများနှင့် မြန်မာသံစဉ် တေးသီချင်းများ သီဆိုဧည့်ခံကြတာ နားထောင်ကြည်နူးဖွယ်ကောင်းပါတယ်။

ယခုတော့ သင်္ကြန်တွင် သူတို့ထုတ်ကုန်ပစ္စည်းများကြော်ငြာရန် စီးပွားရေးသမားများက လုပ်ဆောင်လာကြပါတယ်။ သူတို့က မဏ္ဍပ်ကြီးတွေဆောက်၊ တီးဝိုင်းကြီးတွေ၊ အဆိုကျော်တွေ၊ မင်းသားမင်းသမီးတွေငှားပြီး သူတို့မဏ္ဍပ်မှာ လူစည်အောင် ဆွဲဆောင်ကြပါတယ်။ သူတို့ရည်ရွယ်ချက်က သူတို့ကုန်ပစ္စည်း ရောင်းကောင်းအောင်ကြော်ငြာမြှင့်တင်ပေးဖို့ပါပဲ။ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကိုထိန်းသိမ်းမြှင့်တင်ပေးဖို့ မဟုတ်ပါဘူး။ တချို့ကလည်း အနောက်တိုင်း ယဉ်ကျေးမှုကို အားကျအတုခိုး၍ ဝတ်စားဆင်ယင်ပြီးဟန်ရေးပြကြပါတယ်။ ငွေကြေးချမ်းသာကြောင်းပြသရန် မာစီးဒီးကားတံခါးပေါက်များဖွင့်ပြီး စီးလာကြတယ်။ တချို့မဏ္ဍပ်တွေမှာ ရေပိုက်တစ်ခု ကိုင်ခွင့်ရပြီးပါဝင်ကစားနိုင်ရန် ငွေသောင်းချီပေးရပါတယ်။ တာသင်္ကြန်ကို စီးပွားရေးဆန်ဆန် အသုံးပြုလာကြပါတယ်။ မြို့နယ်၊ ရပ်ကွက်၊ အဖွဲ့အစည်းအလိုက် မိဘများပါ ပါဝင်ကြီးကြပ်ဦးဆောင်ပေးမှုလဲ လျော့နည်းလာပါတယ်။

ဒီလိုသင်္ကြန်မှာ ငွေမြောက်မြားစွာ အကုန်အကျခံပြီး ကြီးကျယ်ခမ်းနားစွာ စီးပွားရေးဆန်ဆန် ချဲ့ထွင်လာကြတယ်။ အနောက်တိုင်းယဉ်ကျေးမှု ရောလာတယ်။ အချို့အုပ်ထိန်းသူတွေရဲ့ကြီးကြပ်စောင့်ရှောက်မှုကလည်း အားနည်းလာတယ်။ ဟိရိသြတ္တပ္ပတရားများ စောင့်ထိန်းရန် အလေးမထားကြပါ။ ဒါကြောင့် နိုင်ငံတော်က မြို့ကြီးများတွင် မဟာသင်္ကြန်ကျင်းပရေးကော်မတီများဖွဲ့စည်းပေးပြီး သင်္ကြန်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ကြရန် စီစဉ်ဆောင်ရွက်ပေးလာပါတယ်။ နိုင်ငံတော်က ပါဝင်အားပေးလာခြင်းဖြစ်ပါတယ်။ ဒါလည်းယခင်က ကျွန်တော်တို့ သင်္ကြန်နှင့်မတူ ထူးခြားချက်ပါပဲ။ ယခုနှစ်မှာ အာဆီယံနိုင်ငံများ အပါအဝင်၂၃နိုင်ငံမှ ဧည့်သည်တော်များ မြန်မာ့သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမယ်လို့ သိရပါတယ်။ နိုင်ငံခြားဧည့်သည်တော်များအား မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာနဲ့ အလှကိုစွဲမက်ကျန်ခဲ့အောင် ပြည်သူပြည်သားအပေါင်းက ပြသနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော်တို့ကတော့ အသက်အရွယ်ရလာပြီမို့ လူငယ်ဘဝကလို သင်္ကြန်တွင် ပါဝင်ရေကစားပျော်ပါးနိုင်စွမ်းမရှိတော့ပါ။ အတွေးအခေါ်လည်း ပြောင်းလဲသွားပြီဖြစ်ပါတယ်။ ပျော်ပါးမှုကို ဦးစားမပေးဘဲ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ရေးကို အဓိကထားလုပ်ဆောင်လာရပါတယ်။ နှစ်စဉ် နှစ်ဆန်း(၁)ရက်နေ့၌ ကျွန်တော်နှင့် မောင်နှမများကို သားသမီးများ၊ တူ၊တူမများ၊ မြေးများက စုပေါင်းညီညာစွာ ကန်တော့ကြတဲ့ ဓလေ့ထုံးစံကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါတယ်။ မြန်မာနှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ကို စောင့်ထိန်းရာလည်း သက်ရောက်ပါတယ်။ ဆွေမျိုးနှင့် မျိုးရိုးတို့၏ ချစ်ကြည်မှု၊ စည်းလုံးမှုကိုလည်းထိန်းသိမ်းရာလည်း ကျပါတယ်။

မြန်မာတို့ကနှစ်သစ်ဦးကို မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကျင်းပပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကြိုဆိုကြသည်မှာ တခြားနိုင်ငံများနှင့်မတူ ထူးခြားလှပါတယ်။ ကျွန်တော် ယဉ်ကျေးမှုရေးရာသံမှူးအဖြစ် လန်ဒန်တွင် တာဝန်ထမ်းဆောင်ခဲ့တဲ့ ၁၉၇၂ခုနှစ်မှ ၁၉၇၉ခုနှစ်အတွင်း လန်ဒန်တွင် နှစ်သစ်ကူးတဲ့အချိန် သူတို့ကြိုဆိုကြပုံကို တွေ့မြင်ခဲ့ရပါတယ်။ ဒီဇင်ဘာ ၃၁ရက်နေ့ညသို့ လန်ဒန်မြို့လယ်သို့ ကားများဝင်ခွင့်မပြုဘဲထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့မိသားစု နှစ်သစ်ကူးချိန်ကို လန်ဒန်သူ၊ လန်ဒန်သားတို့ စုဝေးစောင့်မျှော်ကြတဲ့ Trafalgar Squareသို့ ခြေကျင်လျှောက်သွားရပါတယ်။ Big Benနာရီစင်ကြီးကည ၁၂နာရီထိုးလိုက်တာနဲ့တစ်ပြိုင်နက် စောင့်မျှော်နေတဲ့ လူထုကြီးက နှစ်သစ်ကူးချိန်ကို လက်ခုပ်များတီးဟစ်အော်ကြွေးကြော်ပြီးကြိုဆိုကြပါတယ်။ အချင်းချင်းဖက်ပြီး နှစ်သစ်မင်္ဂလာပါဟု ဆုမွန်ကောင်းတောင်းကြပါတယ်။ မူးယစ်နေတဲ့ လူငယ်တချို့က ရေပန်းများအောက်ဝင်၊ ရေကန်ထဲဆင်းပြီး အော်ဟစ်နေကြပါတယ်။ ကျွန်တော်တို့မိသားစု Piccadilly Circus အနီးရှိ တရုတ်ဆိုင်တွင်ဝင်၍ ပူပူနွေးနွေး ဖက်ထုပ်သောက်ပြီး အိမ်ပြန်ကြပါတယ်။ ဒါက လန်ဒန်သူ၊ လန်ဒန်သားတို့ရဲ့ နှစ်သစ်ကို ကြိုဆိုကြတဲ့ဓလေ့ထုံးစံပါ။ ကျွန်တော်တို့မြန်မာများက နှစ်သစ်ကူးကို ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်နှင့် ကြိုဆိုပုံက ပိုမိုလှပထည်ဝါခံ့ညားပါတယ်။ ပိုမိုလေးနက်တဲ့ အဓိပ္ပာယ်ဆောင်ပါတယ်။ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုကို ဂုဏ်ယူမိပါတယ်။

ဒီလိုလွန်ခဲ့တဲ့သင်္ကြန်နှင့် နှစ်ဦးချိန်ခါတို့ကို ပြန်ပြောင်းသတိရ လွမ်းဆွတ်မိပါတယ်။ ကျွန်တော် သင်္ကြန်တွေ (၇၂)ကြိမ်ကြုံခဲ့ပါပြီ။ သင်္ကြန်ဟာ ပျော်စရာလည်းကောင်းပါတယ်။ အသက် တစ်နှစ်ပိုမိုကြီးလာပြီဟု အသိပေးကာတရားဓမ္မကြောင်းပြရာလည်းရောက်ပါတယ်။ လာမယ့်နှစ်အတွက် လိုအပ်တာများ ကြိုတင်ပြင်ဆင်ထားကြရန်လည်း ဆော်ဩပေးနေဟန်ရှိပါတယ်။

ဒီနှစ်သင်္ကြန်မှာ ကျွန်တော်ငယ်စဉ်က ပျော်ရွှင်ခဲ့တာများကို သတိရလွမ်းဆွတ်ကာ ယခုလူငယ်များ ပျော်ရွှင်နေကြတာများကို ကြည့်ပြီးကြည်နူးရန် အင်းလျားလမ်းတစ်လျှောက်လမ်းလျှောက်ကြည့် လိုက်ပါဦးမယ်။ မဟာသင်္ကြန်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ကြပါစေ--။

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

၁၉၈၆ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပပို့ကုန်များအား လိုအပ်သည့် ဒေသများသို့ ပို့ဆောင်ရန်၊ သမဝါယမနှင့် ပုဂ္ဂလိကကုန်စည်များ ပို့ဆောင်ရန်၊ မြန်မာ့မီးရထား (ထိုစဉ်က ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း) မလွှကုန်း၊ မြစ်ငယ်၊ မြို့ဟောင်းတွဲပြင်စက်ရုံများရှိ ကုန်တွဲပျက်ပေါင်း ၂၁၉၃ စင်းအား ပြုပြင်ရန်၊ စာရင်းမှပယ်ဖျက်ရန်အတွက် နိုင်ငံတော်က အထူးတာဝန်တစ်ရပ် အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ဒလသင်္ဘောကျင်းနှင့် အလုံသင်္ဘောကျင်းသည် အခြားဌာနများကဲ့သို့ အဆိုပါတာဝန်အား ကျေပွန်ခဲ့ပေသည်။ ဒလသင်္ဘောကျင်းမှာ ရန်ကုန်မြစ် တစ်ဖက်ကမ်းတွင် တည်ရှိသောကြောင့် ပြုပြင်ရမည့် ရထားတွဲများအား ပို့ဆောင်ပေးရန် ကန့်သတ်ချက်ကြီးမားခဲ့သည်။ ထို့ကြောင့် အလုံသင်္ဘောကျင်း ဝင်းအတွင်းမှာပင် နေရာခွဲဝေသတ်မှတ်၍ မူရင်းတာဝန်ဖြစ်သော သင်္ဘောများ ပြုပြင်တည်ဆောက်မှု အရှိန်အဟုန်မပျက်စေဘဲ တစ်ပြိုင်နက်တည်း လုပ်အားပြိုင်ခဲ့ကြရသည်။ ကုန်တွဲ ၅၁ တွဲအား အဟောင်းမှ အသစ်ထွက်စေခဲ့ပြီး အထက်တန်း တွဲသစ် ခြောက်တွဲကိုလည်း သစ်လွင်ခိုင်ခံ့တောက်ပစွာဖြင့် ဆိုင်ရာဒေသ လုပ်ငန်းခွင်များအရောက် ပေးပို့နိုင်ခဲ့သည်မှာ ပြည်တွင်းရေကြောင်း သင်္ဘောကျင်းများ၏ ထူးခြားသော အောင်မြင်မှုဟု ဆိုရမည်ဖြစ်ပေသည်။

သင်္ဘောများ ပြုပြင်တည်ဆောက်ရာ၌ လိုအပ်ချက်တစ်ရပ်ဖြစ်သော အက်ဆီတလင်းဓာတ်ငွေ့ကို ယခင်က အခြားဌာနများမှ တင်သွင်းခဲ့ရသော်လည်း ၁၉၉၇ ခုနှစ်တွင် အလုံသင်္ဘောကျင်းအတွင်း၌ အဆိုပါ ဓာတ်ငွေ့စက်ရုံကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ သင်္ဘောကျင်းများသို့ ဖြန့်ဝေနိုင်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပမှ မှာယူတင်သွင်းခဲ့သော စက်ပစ္စည်းများအား သိုလှောင် ထိန်းသိမ်းဖြန့်ဖြူးရာ အဓိကဌာနတစ်ခုလည်း ဖြစ်သည်။ ခြုံ၍ဆိုရသော် အလုံသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်ပွင့်ဖြစ်ပေသည်။ ၁၉၀၄ ခုနှစ်မှ အစပြုခဲ့သော အလုံသင်္ဘောကျင်းသည် ၂၀၀၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်သည်။

အလုံသင်္ဘောကျင်း၏ နှစ် ၁၀၀ ခရီးတွင် ရေယာဉ်သစ်များ တည်ဆောက်ပေးခြင်း၊ ရေယာဉ်ဟောင်းများ ပြုပြင်ပေးခြင်း၊ အခြားအင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ခြင်းတို့ဖြင့် အစဉ်အလာကောင်းခဲ့သည့် အလုံသင်္ဘောကျင်း၏ ဝန်ထမ်းဟောင်းကြီးများ၊ လက်ရှိဆောင်ရွက်ဆဲဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

နိုင်ငံတော်အနေဖြင့် လမ်းများ၊ တံတားကြီးများ၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံစိတ်ချ မြန်ဆန်စေရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ယခုအခါမြန်မာနိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ မြစ်ဝကျွန်းပေါ် ဒေသအနှံ့အပြားတွင် ယခင်က မမျှော်မှန်းရဲသော၊ မရှိခဲ့ဖူးသော၊ အိပ်မက်ပင် မမက်ခဲ့ဖူးဘူးသော လမ်းတံတားသစ်ကြီးများ တည်ဆောက်ပေးသည့်အတွက် နေရာအနှံ့ကို ကားဖြင့်သွားလာနိုင်ခဲ့ပြီဖြစ်သော်လည်း ကုန်တန်ချိန်များပြီး ကျယ်ဝန်းသော ပစ္စည်းများကို သဘာဝအရင်းအမြစ်ဖြစ်သော မြစ်ကြောင်းများကို အသုံးပြု၍ ဈေးနှုန်းအချိုသာဆုံးဖြင့် သယ်ဆောင်ပေးနေသော ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် ဆက်လက်အရေးပါနေမည်ဖြစ်ပါသည်။ ရေယာဉ်များ ပြင်ဆင်တည်ဆောက်ပေးသော သင်္ဘောကျင်းများအနေဖြင့်လည်း ရေယာဉ်များ ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးနေရဦးမည်ဖြစ်ပါသည်။

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် အကြီးဆုံးနိုင်ငံပိုင် ပို့ဆောင်ရေးလုပ်ငန်းကြီးတစ်ခုဖြစ်ပြီး စက်ရှိရေယာဉ် ၃၃၁ စင်း၊ စက်မဲ့တွဲ ၁၅၈ စင်း၊ ဆိပ်ခံ ၄၀ စုစုပေါင်းရေယာဉ် ၅၂၉ စင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၎င်းရေယာဉ်များ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုများသည် သင်္ဘောကျင်းများ၏ ပြင်ဆင်တည်ဆောက်မှုပေါ်တွင် မူတည်လျက်ရှိသဖြင့် သင်္ဘောကျင်းများ၏ အခန်းကဏ္ဍကို အစဉ်တိုးမြှင့်နေရမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ရှည်လျားလှသော သမိုင်းကြောင်းနှင့်အတူ ဝန်ဆောင်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍနှစ်ရပ်စလုံးတွင် အစဉ်အလာကောင်းခဲ့သောပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ဖွဲ့သန်သန် ခံယူချက်အပြည့်အဝဖြင့် တည်ဆောက် စွမ်းအားမြှင့်တင်ပေးနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ဖြူးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်　ဧပြီ　၈

ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဧပြီ ၁၈ရက် တနင်္ဂနွေနေ့တွင် ဓမ္မရက္ခိတ ဖြူးမဟာစည်ကျောင်းတိုက် (လှိုင်မြို့နယ် (၅)ရပ်ကွက်၊ ဘူတာရုံလမ်း၊ ယုဇနအိမ်ရာ အပိုင်း(၁)၊ ကမာရွတ်ဘူတာရုံနောက်ကျောဘက်)၌ ကျင်းပမည် ဖြစ်သည်။ ဖြူးမြို့နယ်သူ၊ နယ်သားများတက်ရောက်ကြပါရန်ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)



၁၉၇၈ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ ရက်က ဗဟန်းအားကစားကွင်းအနီးရှိ M3 Food Centre ၌ ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးအေးကိုကိုက ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မခင်စုလွင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။
(က-ပ)

လက်မှတ်ရေးထိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်တကောင်းမြို့ ပို့ကုန်ထုတ်လုပ်ရေးဇုန် (EPZ) စီမံခန့်ခွဲရေးရုံး ရှင်းလင်းခန်းမ၌ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ စစ်တကောင်းမြို့ ဇီယာအမှတ်တရပြတိုက်တွင် ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်တကောင်းမြို့ ပို့ကုန်ထုတ်လုပ်ရေးဇုန် (EPZ) စီမံခန့်ခွဲရေးရုံး ရှင်းလင်းခန်းမတွင် Bangladesh Export Processing Zone များ၏ Executive Chairman, Brig-Gen. MD Zakir Hossain (Retd.) က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

❁ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ Bangladesh Export Process-ing Zone များ၏ Executive Chairman, Brig-Gen. MD. Zakir Hossain (Retd.) က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား ပြီး Bangladesh Export Processing Zone များ၌ ဆောင် ရွက်နေသည့် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးဆောင် ရွက်ချက်နှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်တကောင်းမြို့ Ex-port Processing Zone, Gen-eral Manager, Mr. A. M. M Shamsuddin Chowdhury က စစ်တကောင်း Export Process-ing Zone ၏ နောက်ခံသမိုင်း၊ စစ်တကောင်း စက်မှုဇုန်၏ ပင်မ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စစ်တကောင်းစက်မှုဇုန်၏ ရည်ရွယ် ချက်၊ စီမံခန့်ခွဲရေးလုပ်ငန်း၊ ရင်းနှီး မြှုပ်နှံမှု အမျိုးအစားများ၊ စက်မှုဇုန် အတွက် လျှပ်စစ်ဓာတ်အား၊ လောင်စာ ဓာတ်ငွေ့နှင့် ရေရရှိရေးလုပ်ငန်း၊ လမ်းနှင့် ဆက်သွယ်ရေးလုပ်ငန်း သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးထားမှု၊ ရင်းနှီးမြှုပ်နှံမှု များများရန် ဆွဲဆောင်မှုနှင့် ရင်းနှီး မြှုပ်နှံမှု အခြေအနေ၊ စက်မှုဇုန် အလုပ်သမားဦးရေ၊ ပို့ကုန်တင်ပို့ နိုင်မှု၊ စက်မှုဇုန်၌ လုပ်ကိုင်နေသော နိုင်ငံစုံမှ ကုမ္ပဏီများ၊ ထုတ်ကုန် ပစ္စည်း အမျိုးအစားများ၊ စက်မှုဇုန် ကော်မတီက ဆောင်ရွက်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ် သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား စစ်တကောင်း Export Processing Zone မှ တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပေးအပ်သည်။ ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကလည်း စစ်တကောင်းစက်မှု ဇုန်မှ တာဝန်ရှိသူများအားလက်ဆောင် ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည် တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးသည်။

အားကစားပစ္စည်းစက်ရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် စစ်တကောင်း ပို့ကုန်အထူး စက်မှုဇုန်ရှိ Youngone Group Corporation ၏ အားကစားသမား အသုံးအဆောင်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိကြရာ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Kihak Sing နှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။

ရှေးဦးစွာ Youngone Group Corporation မန်နေဂျင်းဒါရိုက်တာ Mr. Chang Sun Sohd က ကော်ပိုရေးရှင်းက ဆောင်ရွက်နေ သော လုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား Youngone Group Corporation မှ တာဝန် ရှိသူတို့က စက်ရုံမှထုတ်လုပ်သော ပစ္စည်းများကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည် တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် စက်ရုံလုပ်ငန်းခွင်အတွင်း သွားရောက်၍ အားကစားဖိနပ်နှင့် အားကစားဝတ်စုံများ ထုတ်လုပ်နေမှု ကို ကြည့်ရှုကြသည်။

ဇီယာအမှတ်တရပြတိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် စစ်တကောင်းမြို့ရှိ ဇီယာ အမှတ်တရပြတိုက် (Zia Memo-rial Museum)သို့ ရောက်ရှိကြရာ State Minister for Civil Aviation & Tourism, Mr. Mir Mohammed Nasir Uddin နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ပြတိုက်အတွင်းပြသထား သော ကွယ်လွန်သူ သမ္မတကြီး ဇီယာ၏ မှတ်တမ်းဓာတ်ပုံများ၊ အသုံး အဆောင်ပစ္စည်းများနှင့် သမ္မတကြီး ဇီယာ၏ နောက်ဆုံးခရီး မှတ်တမ်း ဓာတ်ပုံများကို ကြည့်ရှုကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည် တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးသည်။ ထိုမှတစ်ဆင့် အဂ္ဂရာ ဘတ်ဟိုတယ်သို့ ပြန်လည်ရောက်ရှိ ကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည် ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွ ဒေသစံတော်ချိန် မွန်းလွဲ ၁ န တွင် စစ်တကောင်းမြို့ အပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတ နိုင်ငံခြားရေးဝန်ကြီး Mr. Morshed Khan နှင့် တာဝန် များ၊ စစ်တကောင်းမြို့တော် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများ၊ ဘင်္ဂလား ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ညွန့်တင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေး ဝန်ကြီး Mr. M.K Anwar အား ဧပြီ ၄ရက်က ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံအား ဘင်္ဂလား ဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Ad-visor to Commerce, Mr. Md.Barkat Ullah Bulu က ဧပြီ ၄ရက်တွင် ဒါကာမြို့ရှိ ခေတ္တ တည်းခိုသည့် Hotel Sheraton သို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

န့်နှင့် အဖွဲ့ဝင်များ စစ်တကောင်းမြို့ရှိ (သတင်းစဉ်)

ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တကောင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. M. Morshed Khan နှင့် တာဝန်ရှိသူများ၊ စစ်တကောင်းမြို့တော်ဝန်၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များမှ တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံ သံအမတ်ကြီး ဦးသိန်းမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးဟန်တင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် အာရှနှင့် ပစိဖိတ်ဒေသ ကျေးလက်ဒေသဖွံ့ဖြိုးမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြမောင် လိုက်ပါလျက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး Mr. M.K Anwar အား ဧပြီ ၄ ရက် ညနေပိုင်းတွင် ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူပင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Advisor to Commerce, Mr. Md Barkat Ullah Bulu က ဧပြီ ၄ ရက် ညပိုင်းတွင် ဒါကာမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Sheraton သို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပထမအကြိမ်ပူးတွဲကုန်သွယ်ရေးကော်မရှင် အစည်းအဝေး ကျင်းပရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်း မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။

ထို့အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အတူ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ State Minister for Home Affairs, Mr. Lutfozzaman Babar အား ဧပြီ ၄ရက် ညနေပိုင်းတွင် ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လူဝင်မှုကိစ္စများ တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် နှစ်နိုင်ငံနယ်စပ် လုံခြုံရေးကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ပြန်ကြားရေးဝန်ကြီး Mr. Tarku Islam အား ဧပြီ ၄ ရက် ညနေပိုင်းတွင် ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံသတင်းနှင့် ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးကြသည်။

တွေ့ဆုံ

ထို့အတူ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့်အတူ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ Minister for Communications, Barrister Nazmul Huda အား ဧပြီ ၄ ရက် ညနေပိုင်းတွင် ၎င်း၏ ရုံးခန်းသို့ သွားရောက် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်သွယ်မည့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စစ်တကောင်းမြို့ရှိ ဇီယာအမှတ်တရပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ State Minister for Home Affairs, Mr. Lutfozzaman Babar အား ဧပြီ ၄ ရက်က ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံမှ ပြန်ကြားရေးဝန်ကြီး Mr. Tarku Islam အား ဧပြီ ၄ရက်က ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှတ်တရ
လက်ဆောင်ပေးအ

ပြည်ထောင်စု မြန်မာ တော် - နိုင်ငံတော်ဝန်ကြီး ဗိုလ်ချုပ်ကြီးခင်ညွန့်အား စ ကောင်း ပို့ကုန်ထုတ်လုပ် ဇုန်မှ တာဝန်ရှိသူများက အ တရ လက်ဆောင်ပေးအပ် (သတင်း

ရေဝတီမဂ္ဂဇင်း
ထုတ်ဝေမည်

ရန်ကုန် ဧပြီ ၈

မအူပင်မြို့နယ်အသင်း(ရန်က နှစ်(၅၀)ပြည့် ရွှေရတုအထိမ်း အဖြစ် ရေဝတီမဂ္ဂဇင်းကို ထု မည် ဖြစ်သဖြင့် မအူပင် ဆက်နွယ်သော ဆောင်းပါး၊ ကဗျာ စသည့် စာမူများကို ၃၁ရက် နောက်ဆုံးထား၍ အ တည်ရာ အမှတ်(၁၅/က) ပ လမ်း (၈)ရပ်ကွက် ကမာရွတ် ဖုန်း-၅၀၅၉၇၄နှင့် စာတည်း စာပေဗိမာန် ကုန်သည်လမ်း မြို့သို့ ရေးသားပေးပို့ကြရန် ရပ်ခံထားသည်။ (

မိုးကုတ်ဝိပဿနာတရားစခန်းပွဲနှင့် သိက္ခာထပ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

ထောက်ကြန့်မြို့ တိုးချဲ့ရပ်ကွက် ရွှေကြက်ယက်ကျောင်းတိုက်တွင် ဧပြီ၁၀ရက်မှ ဧပြီ ၁၆ရက်ထိ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်ဖြစ်ပြီး ဧပြီ ၁၁ရက်နံနက်တွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၉၄)နေ ရဟန်းဒါယကာဦးစိန်ထွန်း-ဒါယိကာမဒေါ်ငွေရီမိသားစုက ရွှေကြက်ယက်ကျောင်းတိုက်မှ ဦးဝါသေဌအား သိက္ခာထပ်မင်္ဂလာကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ဦးဝါသေဌက ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

အမှာစကား ပြောကြား

အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အထူးကု ဆေးရုံကြီး (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✧ ပြည်ထောင်စုကြီးမှ

မန္တလေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထူးကုဆေးရုံကြီး(ကျောက်ဆည်) ဆေးရုံအုပ်ကြီး ဒေါက်တာမင်းကိုနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ကျောက်ဆည် ဆင်အကအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က အထူးကုဆေးရုံကြီး(ကျောက်ဆည်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အထူးကုဆေးရုံကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် အထူးကုဆေးရုံကြီးအဝင်ခန်းမဆောင်၌ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကိုကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းတွင်ရှိသည့် မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်/တိုင်းများအားလုံး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကိုရယူပြီး ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း။

နယ်မြေဒေသအလိုက် ထူးခြားသည့် ဝိသေသလက္ခဏာများအပေါ်မှီတည်ပြီး လိုက်လျောညီထွေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသအသီးသီး၌ ထူထောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ အထူးကုဆေးရုံကြီး(ကျောက်ဆည်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယနေ့ဖွင့်လှစ်သည့် ခုတင်-၂၀၀ ဆံ့ အထူးကုဆေးရုံသစ်ကြီးသည် ကျောက်ဆည်ခရိုင်၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်စွာ ပေးနိုင်မည်ဖြစ်သည့်အပြင် တစ်ဖက်တစ်လမ်းကလည်း ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်းကို ဝမ်းမြောက်ဂုဏ်ယူစွာ ပြောကြားလိုကြောင်း။

ပြုပြင်ပြောင်းလဲတည်ဆောက်

နိုင်ငံတော်အစိုးရသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွားဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်သည့် နိုင်ငံတော်ကြီးဖြစ်စေရေးအတွက် ဘက်စုံကဏ္ဍစုံ ပြုပြင်ပြောင်းလဲတည်ဆောက်မှုများကို မနားမနေ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရသည့် နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအထူးစီမံကိန်းချမှတ်ပြီး ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏အချက်အချာကျသည့် ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သော တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ၊ ဆည်မြောင်း တာတမံများ၊ တံတားများကို အထူးဦးစားပေး တည်ဆောက်ပေးခဲ့ကြောင်း။

တစ်နည်းအားဖြင့် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုကို သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထူထောင်ပေးခြင်းဖြစ်ကြောင်း၊ အလားတူပင် ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ဆက်စပ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးမှုလုပ်ငန်းများသည် ကွက်လပ်မကျန် ကွင်းဆက်မိမိ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း၊ ကျောက်ဆည်မြို့၌ရှိသည့် စက်ရုံ၊ အလုပ်ရုံများ၊ ဆေးရုံများ၊ တံတားများနှင့် မြို့ရေပေးရေးလုပ်ငန်းများသည် ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး ဒေသအားလုံးဖြစ်နိုင်သမျှ မျှမျှတတဖွံ့ဖြိုးရမည်ဆိုသည့် နိုင်ငံတော်မူဝါဒ၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးကဏ္ဍတွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရမည်၊ သက်တမ်းစေ့ကျန်းမာစွာ နေနိုင်ရမည်ဆိုသည့် မွန်မြတ်မြင့်မားသော ဦးတည်ချက်ဖြင့် အမျိုးသားကျန်းမာရေး စီမံကိန်းများချမှတ်ပြီး စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ၁၉၈၈ခုနှစ်မတိုင်မီက တက္ကသိုလ်လေးခုသာရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) အပါအဝင် တက္ကသိုလ် ၁၀ခု ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်သည့်အတွက် ယခုဆိုလျှင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်စုစုပေါင်း ၁၄ ခုအထိ ဖွင့်လှစ်ကာ သင်ကြားလေ့ကျင့်ပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင် ၁၉၈၈ ခုနှစ်မတိုင်မီက သူနာပြု သားဖွားနှင့် သူနာပြုနှီးနွှယ် သင်တန်းကျောင်းပေါင်း ၂၆ ကျောင်းသာရှိခဲ့သော်လည်း ယခု ၄၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပြီး သူနာပြုသားဖွားများကို တိုးတက်မွေးထုတ်ပေး လျက်ရှိနေပြီဖြစ်ကြောင်း။

တိုးတက်မြင့်မားလာ

ပြည်တွင်းပြည်ပ ဘွဲ့လွန်ဆေးပညာရှင်များကိုလည်း နှစ်စဉ်တိုးချဲ့မွေးထုတ်နေသည်နှင့်အမျှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ဆရာဝန် သူနာပြုများသည် အရေအတွက်သာမက အရည်အချင်းပါ တိုးတက်မြင့်မားလာနေပြီဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မန္တလေးတိုင်းအနေဖြင့်ကြည့်လျှင် ၁၉၈၈ ခုနှစ်တွင် တစ်တိုင်းလုံး၌ ဆေးရုံပေါင်း ၆၆ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၅၅ ခုသာရှိခဲ့သော်လည်း ယခုအခါ ဆေးရုံပေါင်း ၈၄ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၆၅ ခုထိ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ဆေးရုံ ၁၄ ရုံကိုလည်း အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ကြောင်း။

ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံများ အဆင့်တိုးမြှင့်ပေးနေခြင်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ ရောဂါရှာဖွေရေးနှင့် ကုသရေးပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးပြီး အထူးကုသမားတော်ကြီးများလည်း တိုးမြှင့်ခန့်ထားပေးလျက်ရှိကြောင်း။

တစ်ပြေးညီဖြစ်ရေး

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီ ဖြစ်စေရေးအတွက် မန္တလေးပြည်သူ့ဆေးရုံကြီးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနည်းတူ အထူးကုသမှုယူနစ်များကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး အထူးကုဆရာဝန်ကြီးများနှင့် အခြားကျွမ်းကျင်မှု ပညာရှင်များအား ဖြည့်စွက်ပေးကာ လိုအပ်သည့် နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် ဆေးရုံသုံး စက်ကိရိယာများ တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ကျောက်ဆည်ဒေသအပါအဝင် အထက်မြန်မာပြည်မှ လူနာများသည် ငွေကုန်ကြေးကျများစွာ အကုန်အကျခံပြီး ရန်ကုန်မြို့တော်ကို သွားရောက်ဆေးကုသမှုခံယူရန် မလိုတော့ဘဲ မန္တလေးပြည်သူ့ဆေးရုံကြီး၌ပင် တန်းတူ ရည်တူ ကုသမှုကိုခံယူနိုင်ကြပြီ ဖြစ်ကြောင်း။

ထို့အပြင် ခံ့ညားထည်ဝါသည့် ဆေးရုံအဆောက်အအုံသစ်ကြီးနှင့်အတူ ခေတ်မီတိုးတက်သည့် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများ၊ အထူးကုဌာနများပါဝင်သော ယနေ့ ကျောက်ဆည် ခုတင်-၂၀၀ ဆံ့ အထူးကုဆေးရုံကြီးကို ဒေသ၏လိုအပ်ချက်အရ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဤဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးသည် ပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ မွန်မြတ်သန့်စင်သော စေတနာကို မှန်ကန်စွာနားလည်ခံယူပြီး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**



စက်ခလုတ်နှိပ် ဖွင့်လှစ်

အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အထူးကုဆေးရုံကြီး (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားတွင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

➪ **စာမျက်နှာ ၁၀ မှ**

ကျန်းမာရေးဝန်ထမ်းများ၏ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသည့် မွန်မြတ်သောဘဝကို ထိုက်ထိုက်တန်တန် တန်ဖိုးထားဂုဏ်ယူကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရည်အသွေး မြင့်မြင့်မားမားဖြင့် စေတနာ ထက်ထက်သန်သန် တက်တက်ကြွကြွ ထမ်းဆောင်ကြရန် မှာကြားတိုက်တွန်းလိုကြောင်း။

ဒေသခံပြည်သူများကလည်း မိမိတို့ဒေသအတွင်း ဖြစ်ထွန်းပေါ်ပေါက်လာသည့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံကောင်းများကို ထိုက်ထိုက်တန်တန် အသုံးပြုပြီး ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် နိုင်ငံသားများအဖြစ် ရပ်တည်ကာ မိမိရပ်ရွာ၊ မိမိဒေသ ပိုမိုဖွံ့ဖြိုး တိုးတက်စည်ပင်လာအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဒေသခံပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြံ့ခိုင်ပြီး မိမိတို့၏ တစ်ဦးချင်းဘဝ တိုးတက်ရေးကိုသာမက ဒေသအကျိုးနှင့် နိုင်ငံတော်၏ အကျိုးကိုပါ ပိုမိုသယ်ပိုးထမ်းဆောင်ကြပါစေဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အရည်အသွေးမြှင့်တင်

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ပေးနိုင်ရေးအတွက် ကျန်းမာရေးအဆောက်အအုံများဖြစ်သည့် ဆေးရုံ၊ ဆေးပေးခန်းများတွင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ပေးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အခွင့်အလမ်းတို့ကို ဝေးလံခေါင်းပါးသော နယ်စပ်အစွန်အဖျား ဒေသများပါမကျန် တစ်နိုင်ငံလုံး ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက တစ်စိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အထူးကုဆေးရုံကြီး (ကျောက်ဆည်)ကို အိုလံပစ်ကုမ္ပဏီလီမိတက်က ဆောက်လုပ်ခဲ့ပြီး ငွေကျပ်စုစုပေါင်း သန်း ၁၀၀၀ကျော် ကုန်ကျခဲ့ပါကြောင်း၊ ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ယခုအခါ အထူးကုဆရာဝန်ကြီး ၁၂ဦး၊ အထူးကုဆရာဝန် ၁၂ဦး၊ လက်ထောက်ဆရာဝန် ၂၂ဦးအပါအဝင် စုစုပေါင်းဝန်ထမ်း ၂၃၅ဦးကို ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အထူးကုဆေးရုံကြီးအဆင့်နှင့် လျော်ညီသော ခေတ်မီဆေးပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း။

ပိုမိုကျခံသုံးစွဲ

ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ကျန်းမာရေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အထူးကုဆေးရုံကြီး (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနသည် ကျန်းမာရေး အသုံးစရိတ်ရန်ပုံငွေကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကျခံ သုံးစွဲလျက်ရှိပါကြောင်း။

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာမှုကို ကြည့်လျှင် ၁၉၈၈ခုနှစ်တွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများ အပါအဝင် ဆေးရုံပေါင်း ၆၁၇ရုံသာရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ဆေးရုံပေါင်း ၇၆၆ရုံ ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ဆေးရုံများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင် ၂၅ခုတင်မှ ခုတင် ၅၀၊ ခုတင် ၁၀၀မှ ခုတင် ၂၀၀၊ နောက်ဆုံး ခုတင် ၃၀၀ဆံ့ ဆေးရုံကြီးများအထိ ဆေးရုံပေါင်း ၁၄၀ ကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ဆရာဝန်အင်အားအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၁၂၂၆၈ဦးရှိရာမှ ၂၀၀၄ခုနှစ်တွင် ၁၆၅၇၀ဦး ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ၌ ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်ထားနိုင်ခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ဆေးရုံ ၅၄ရုံ၊ ဆေးပေးခန်း ၈၁ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၃၂ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၁ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ဖြည့်တင်းပေးလျက်ရှိ

မန္တလေးတိုင်းအတွင်း၌လည်း ၁၉၈၈ခုနှစ်တွင် ဆေးရုံပေါင်း ၆၆ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၅၅ခုရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ဆေးရုံစုစုပေါင်း ၈၄ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၆၅ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးရုံ ၁၄ရုံကို ခုတင်အဆင့် မြှင့်တင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်နယ်၊တိုင်း မြို့ကြီးများနှင့် ခရိုင်အဆင့် ဆေးရုံကြီးများ၏ ရောဂါရှာဖွေမှု၊ ကုသမှုအရည်အသွေး တိုးမြှင့်ပေးနိုင်စေရန် ခေတ်မီဆေးရုံသုံးပစ္စည်းများ ဖြည့်တင်းပေးလျက်ရှိရာတွင်လည်း ၁၉၉၉-၂၀၀၀ဘဏ္ဍာနှစ်မှ ၂၀၀၂-၂၀၀၃ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇သန်းဖိုး ကျခံသုံးစွဲခဲ့ပြီးဖြစ်ပါကြောင်း။

ဤဆေးရုံကြီး သတ်မှတ်ချိန်အတွင်း ခံ့ညားထည်ဝါစွာ ဆောက်လုပ်ပြီးစီးအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်တကွ တာဝန်ရှိသူအသီးသီးအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဓာတ်မှန်ဌာနနှင့် ခေတ်မီဓာတ်မှန်ရိုက်စက် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လူနာဆောင်များနှင့် အရိုးခွဲစိတ်ကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်းမ အထူးကြပ်မတ် ကုသဆောင်နှင့် မျက်စိကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဒေသခံများနှင့် အထူးကုဆေးရုံကြီး(ကျောက်ဆည်) ရှေ့တွင် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ဓာတ်ပုံရိုက်

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အထူးကုဆေးရုံကြီး(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားတွင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဒေသခံများနှင့် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ ဒုတိယအကြိမ် သုံးသပ်ညှိနှိုင်း

ရန်ကုန် ဧပြီ ၈

အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ ဒုတိယအကြိမ် သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ မဲခေါင်ဒေသအတွင်းရှိ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် Aus AID မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ ပထမအကြိမ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၃ခုနှစ် စက်တင်ဘာ ၁ရက်က ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် ထိရောက်စွာ တားဆီးကာကွယ်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဗိုလ်တထောင်အထက(၅) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၈

ဗိုလ်တထောင် အထက(၅)မှ ၁၉၉၄ ခုနှစ် အခြေခံပညာ အထက်တန်းအောင် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗိုလ်တထောင် အထက(၅) ခန်းမဆောင်၌ ပြုလုပ်ရန် စီစဉ်ထားသည်။

အလှူငွေများကို ဒေါ်စုစုဖေ ဖုန်း-၂၉၂၁၁၃၊ ဒေါ်ကြူကြူဇင် ဖုန်း-၂၉၀၃၉၄၊ မျိုးသိန်းထွန်း ဖုန်း-၅၇၀၅၈၄၊ ဖြိုးနေလင်း ၀၉-၅၀၀၃၈၃၁၊ ထက်ထက်မျိုးဝေ ဖုန်း-၅၆၂၀၆၃၊ ကျော်ထက်မိုး ဖုန်း-၀၉၅၀၁၃၁၈၃ တို့ထံ ဆက်သွယ်လှူဒါန်းကြပါရန် နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)



ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရှိ မြန်မာ့မီးရထား မြို့ပြ အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ မြန်မာ့မီးရထား တံတားပေါင်အလုပ်ရုံစစ်ဆေး စံချိန်စံညွှန်းမီတံတားတည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ရန်မှာကြား

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရှိ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံသို့သွားရောက်၍ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တို့သည် နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရှိ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံသို့ရောက်ရှိလာရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရှိ မြန်မာ့မီးရထား မြို့ပြ အင်ဂျင်နီယာဌာန တံတားပေါင် အလုပ်ရုံဝင်းအတွင်း၌ တံတားဆောက် လုပ်ရန် သံကူကွန်ကရစ်လေးထောင့် ပိုင်တိုင်များ အဆင့်ဆင့် ပြုလုပ်နေမှု များကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက မြန်မာ နိုင်ငံ အရပ်ရပ်၌ မြန်မာ့မီးရထားမှ တာဝန် ယူဆောက်လုပ်လျက်ရှိသည့် တံတား များတွင် အသုံးပြုရန်အတွက် မြန်မာ့ မီးရထား မြို့ပြအင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံမှသံကူကွန်ကရစ် လေးထောင့်ပိုင်တိုင်များ ပြုလုပ်နေမှု၊ တံတားအသစ်များ ဆောက်လုပ်ရန် တံတားသံပေါင်များ ထုတ်လုပ်နေမှု၊ တည်ဆောက်ပြီး တံတားများ ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် နေမှုနှင့် လိုအပ်သည့် တံတားအစိတ် အပိုင်းများ ထုတ်လုပ်နေမှု အခြေအနေ များကို လိုက်လံ ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက် ပြီးလုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စံချိန်စံညွှန်းမီသည့် တံတားတည်ဆောက်ရေးသုံး ပစ္စည်း များ ထုတ်လုပ်ကြရန်မှာကြားပြီး လိုအပ် သည်များ ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

❍ ဟူးကောင်းချိုင့်ဝှမ်းမှ

"ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"ကြီးကို တည်ထောင်လျက်ရှိသည်။ အဆိုပါ ဘေးမဲ့တောကြီးမှာ ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်တည်ထောင်ခြင်းဖြစ်သည်။

ကျားနှစ်မျိုး

ကျားများ သဘာဝအလျောက် နေထိုင်ကျက်စားလျက်ရှိသော ကမ္ဘာ့နိုင်ငံ ၁၄ နိုင်ငံအနက် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကျားမျိုးကွဲရှစ်မျိုးအနက် မြန်မာနိုင်ငံတွင် ကျားနှစ်မျိုးကို တွေ့ရှိရသည်။ ယင်းတို့အနက် ဘင်္ဂလားကျားမျိုးမှာ ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ နေရင်းဒေသတစ်ခုအဖြစ် ကောင်းစွာရှင်သန်ပေါက်ဖွားလျက်ရှိကြသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် ကမ္ဘာပေါ်တွင်မျိုးတုံးပျောက်ကွယ်ရန် အန္တရာယ်ရှိနေသော ယင်းကျားမျိုးမှ ရှင်သန်ပေါက်ဖွားစေရေးအတွက် သုတေသနလုပ်ငန်းများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ မကြာမီက ယင်းဒေသ၌ ဆောင်ရွက်ခဲ့သော ကင်မရာထောင်ချောက်များမှ ရိုက်ကူးရရှိခဲ့သည့် ကျားပုံများအရ အဆိုပါဒေသသည် ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ကာကွယ်ဆောင်ရွက်သင့်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

ယင်းကျားထိန်းသိမ်းရေးနယ်မြေကို ပညာရှင်များက အဆိုပြုထားသော ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေ ပေါ်ပေါက်လာရေးကို အထောက်အကူပြုစေရန် ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ဖြတ်သန်းသွားလာဝင်ရောက်မှုများကို ထိန်းချုပ်ခြင်းဖြင့် ကျားနှင့် သားငှက်တိရစ္ဆာန်များ၏သဘာဝအတိုင်း နေထိုင်ကျက်စားမှုအပေါ် နှောင့်ယှက်မှုလျော့နည်းစေရန် စသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ကမ္ဘာ့အကြီးဆုံးကျားထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်လာနိုင်ပြီး တစ်ဆက်တစ်စပ်တည်းရှိနေသည့် မြန်မာပြည်မြောက်ဖျား ဆက်စပ်တောများအတွက်လည်း အထင်ကရ ကျယ်ဝန်းသည့် ဧရိယာကို ဖြစ်စေနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြော မြစ်ကြီးနှစ်သွယ် ဖြစ်သည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ ရေဝေရေလဲဒေသက ဒေသကြီးကို ထိန်းသိမ်းကာကွယ်ရာလည်းရောက်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကျားထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ကာကွယ်မှုများဆောင်ရွက်ရာ၌ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကျားများအတွက် အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသဖြင့် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေ ဖြစ်လာနိုင်ဖွယ်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၇။ အကပြိုင်ပွဲ
- ၈:၁၀ ၈။ မန်းချောင်းတံတား
- ၈:၁၅ ၉။ ခါသကြိ၊်န်အဆိုအကများ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ ခါသကြိ၊်န်အဆိုအကများ
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ တေးဂီတအစီအစဉ်
- ၅:၃၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၁၀။ ခါသကြိ၊်န်အဆိုအကများ
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၁၄)**
- ၇:၃၅ ၁၅။ ခါသကြိ၊်န်အဆိုအကများ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "ခွင့်လွှတ်မယ်ဆိုရင်" (အပိုင်း-၂) (မင်းမော်ကွန်း၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ကိုဇော်) (အရဏ်ဦး)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဧပြီ ၈

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရပ်ကွက်၊ ကျေးရွာများ၌ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိသည်။

ဂန့်ဂေါမြို့နယ် ချောင်းနက်ကျေးရွာ သုတသစ္စာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၈ နာရီတွင် ပြုလုပ်ရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးကျော်သန်းထွန်းနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(၄၆၅)

ဟူးကောင်းကျား

၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဟူးကောင်းချိုင့်ဝှမ်း သဘာဝကျားထိန်းသိမ်းရေးနယ်မြေအတွင်း ကင်မရာ ထောင်ချောက်ဖြင့် ရိုက်ကူးရရှိခဲ့သောကျားတစ်ကောင်ကို တွေ့ရစဉ်။ (သစ်တောရေးရာ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

MRTV-3 တွင် ကြော်ငြာနိုင်

ရန်ကုန် ဧပြီ ၈

၂။ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းဖြစ်လျှင် ဆားထုတ်လုပ်မှုလုပ်ငန်းမှအပ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းရောင်းရငွေ ကျပ် ၂၄၀၀၀၀နှင့်အထက်ရရှိသူများ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်းစုစုပေါင်းရောင်းရငွေကျပ် ၃၀၀၀၀၀နှင့် အထက်ရရှိသူများ၊ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည် ပို့ဆောင်ခ ရငွေစုစုပေါင်း ကျပ်၁၈၀၀၀၀နှင့် အထက်ရရှိသူများသည် လည်းကောင်း၊ ဖျော်ဖြေမှုလုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများ၊ စားသောက်ဖွယ် ရောင်းချရေးလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ (ခရီးသွားလမ်းညွှန် လုပ်ကိုင်မှုများအပါအဝင်)၊ မော်တော်ယာဉ်ရေဆေး၊ ဆီထိုးလုပ်ငန်းများ၊ အသက်မှအပ အာမခံလုပ်ငန်းများ၊ ဆံသအပါအဝင် အလှပြင်နှင့်ခန္ဓာကိုယ် ပြုပြင်လေ့ကျင့်မှုလုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများသည် လည်းကောင်း၊ နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် ဝန်ဆောင်မှုကြေညာလွှာကို လုပ်ငန်း၏ နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့် ပူးတွဲပေးပို့ရန် တာဝန်ရှိပါသည်။ နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နောက်ဆုံးရက်ဖြစ်သည့် ၂၀၀၄ခုနှစ်၊ ဇွန်လ ၃၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ဆိုင်ရာရုံးအသီးသီးကို ညနေပိုင်း (၁၈:၀၀)နာရီအထိ ဖွင့်လှစ်၍ ကြေညာလွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသည့် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ သို့မဟုတ် ဝန်ဆောင်မှုကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတွင်ဖြစ်စေ အခမဲ့ရယူနိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံရရှိကြောင်း သက်သေခံလက်မှတ်ကိုသက်ဆိုင်ရာရုံးက ချက်ချင်းထုတ်ပေးမည်ဖြစ်ပါသည်။

၄။ မရှင်းလင်းသည့်အချက်များရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတွင်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သန်းစိုး
ညွှန်ကြားရေးမှူး(တာဝန်)
တံဆိပ်ခေါင်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ။

အများသိစေရန်

ကျွန်တော်မောင်ငွေစိုး [၁၂/မဘန(နိုင်)၀၂၁၅၆၀]နှင့် မစိုးသူဇာငြိမ်း(ခ) လောင်ခမ်း [၁၃/တခလ(နိုင်)၀၃၅၀၁၇]တို့သည် ၂၃-၄-၂၀၀၃ရက်နေ့မှစ၍ ထိမ်းမြားလက်ထပ်ခဲ့ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရာမှ ၁၅-၃-၂၀၀၄ရက်နေ့တွင် မိမိဆန္ဒအလျောက် သမီးလေးနှင့်လက်ဝတ်လက်စားများယူဆောင်ကာ အိမ်မှဆင်းသွားပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ငွေစိုး
[၁၂/မဘန(နိုင်)၀၂၁၅၆၀]။

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဖာတေ
အသက် (၉၄)နှစ်
ကုန်သည်ကြီး၊(ရမ်းဗြဲမြို့)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ရွာနေ (ဦးထွန်းလှခိုင်-ဒေါ်မယ်)တို့၏သမီး၊ ရမ်းဗြဲမြို့ ရွှေတုံးရပ်နေ(ဦးဘိုးညို)၏ ဇနီး၊ ဒေါ်မသန်း-(ဦးလှဖေ)၊ ဒေါ်သန်းရှင်-ဦးကျော်မြင့်၊ (ကုန်သည်)၊ (ဦးတင်မောင်)-ဒေါ်မြပု၊ ဒေါ်တင်အောင်(ကုန်သွယ်လယ်ယာငြိမ်း)၊ ဒေါ်တင်ချစ် (ကုန်သည်)တို့၏ မိခင်၊ မြေး၁၄ယောက်၊ မြစ်၁၀ယောက်တို့၏ အဘွားသည် ရမ်းဗြဲမြို့ ရွှေတုံးရပ်နေအိမ်တွင် ၃၀-၃-၂၀၀၄ရက်၌ အလွှာသျှင်မြတ် အမိန့်တော်ခံယူပြီး ၃၁-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ရမ်းဗြဲမြို့ အစ္စလာမ် ကဘာစတန်ဥယျာဉ်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခေတ္တရာအသင်း
ဒေါ်မြညွန့် (ခ) ဒေါ်မြသင်
(ရာ-၆၆၂)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တိုက်(၃၂)၊ အခန်း(၅)၊ အောင်ဇေယျရိပ်သာ၊ အလုံမြို့နယ်နေ အသင်းဝင် ဒေါ်ကြည်ကြည်မြ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်မြင့်မြင့်အေး တို့၏ မိခင် ဒေါ်မြညွန့်(ခ)ဒေါ်မြသင် သည် ၄-၄-၂၀၀၄နေ့တွင် ကွယ်လွန်ပြီး ၆-၄-၂၀၀၄နေ့၌ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးစီးပါကြောင်း။ အသင်းဝင်များ သိသာပါရန်။

အမှုဆောင်အဖွဲ့။

ဒေါ်ခင်အေးသိန်း
အသက် (၄၄)နှစ်
(စိုးအာကာ TV)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၁၈-က)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၁၅)နေ (ဦးရွှေသန်း-ဒေါ်စိန်ကြည်) တို့၏သမီး၊ (ဦးမောင်လွင်)-ဒေါ်ခင်သန်းတို့၏သမီးချွေးမ၊ (ဦးအုန်းသိန်း)-ဒေါ်လှမြင့်၊ ဦးချစ်သိန်း-ဒေါ်လှသီ၊ (ဦးအောင်မြင့်သိန်း)-ဒေါ်မြင့်မြင့်အေးတို့၏ ညီမ၊ (ဦးအောင်ခင်သိန်း)၊ ဦးအောင်ကျော်သိန်း - ဒေါ်မြင့်ကြည်၊ ဦးအောင်ဇော်သိန်း၊ ဦးနိုင်နိုင်ဦး-ဒေါ်သီတာသိန်းတို့၏ အစ်မ၊ ဦးစိုးလွင် (စိုးအာကာ၊တီဗီ)၏ဇနီး၊ မောင်ဝေဖြိုးအောင်၏ မိခင်သည် ၂-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၄-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် စံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

Modern English Centre (MEC)
U Tint Soe Mg B.A (English)
Speaking. Grammar. Phonetics.
Four Skills.
IELTS. TOEFL.SAT G.C.E G.R.E
အမှတ်(၁၃)၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ ၂၄-လမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ်-(၃၂၆)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော မြန်မာသီဟကုမ္ပဏီလီမိတက် (Myanmar Thiha Company Limited.) သည် အောက်ပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-IV-၁၆၀၃/၂၀၀၄ ဖြင့် မှတ်ပုံတင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

RAIN FLOWER

မြန်မာသီဟကုမ္ပဏီလီမိတက်သည် အဆိုပါ "Rain Flower" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ မီးသတ်ဘူးနှင့် မီးသတ်လုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုးထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက် ရှိပါသည်။

သို့ပါ၍ အဆိုပါ အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှား ပြုလုပ်၍ ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့် လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ)
Ye Noos & Associates (Law Firm)
အမှတ်-၃၀(ပထမထပ်)၊ ၄၄-လမ်း၊ ရန်ကုန်မြို့။
ဖုန်း-(၀၁)၂၉၆၁၃၂ ၊ ၂၉၈၅၄၁။

လှည်းကူးမြို့နယ်သစ်ခွရွာတွင် မြေလုပ်ပိုင်ခွင့်ရရှိသူများသိစေရန်

လှည်းကူးမြို့နယ် ရွှေနံ့သာ(ဘားလား)သစ်ခွရွာတွင် သစ်ခွစိုက်ပျိုးလုပ်ကိုင်ခွင့်ရသူများမှ သစ်ခွရွာ ဖွံ့ဖြိုးရေးအတွက်ပေးသွင်းရန် တာဝန်ရှိသော မြေဖိုး၊ လမ်းဖိုး၊ လျှပ်စစ်မီးဖိုးများအပြင် ထပ်မံကောက်ခံထားသော လျှပ်စစ်မီးဖိုးငွေများကို ၃၀-၄-၂၀၀၄ရက်နေ့ နောက်ဆုံးထားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)ဖုန်း-၆၆၃၈၁၃သို့ ပေးသွင်းရန်နှင့် စိမ်းလန်းစိုပြည်ရေးနှင့်သစ်ခွ စိုက်ပျိုးရေးလုပ်ငန်းများကို ၃၁-၅-၂၀၀၄ နေ့နောက်ဆုံးထားဆောင်ရွက်ကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ငွေသွင်းခြင်းလုပ်ငန်းခွင်သို့ မဝင်ရောက်ခြင်းများ စစ်ဆေးတွေ့ရှိလျှင် သစ်ခွစိုက်ပျိုးရန် စိတ်ဝင်စားခြင်းမရှိဟု သစ်ခွရွာကော်မတီမှ သတ်မှတ်ပြီး မြေလုပ်ပိုင်ခွင့်ကိုပါ တစ်ပါတည်း ရုပ်သိမ်းပြီးဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သစ်ခွရွာဖဟိုကြီးကြပ်မှုကော်မတီ။

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးကိုဒဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်း တရားရုံး
၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇၁

ဒေါ်နာခမ်း(၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူဒေါ်ဒေစီ)	**နှင့်**	၁။ ဦးမောင်မောင်တင် ၂။ မောင်အောင်ခင်မဲ (နေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

အထက်အမည်ပါအမှတ်(၂)တရားပြိုင်(နေရပ်လိပ်စာမသိ)သိစေရမည်။

အမှတ်(၁)တရားပြိုင်အပေါ် တရားလိုက ယာဉ်အမှတ် ၉က/၁၈၅၀ တိုယိုတာကိုရိုလာအက်စ်အီးလီမိတက်မော်တော်ယာဉ်အားတရားလိုကပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အဆိုပါ ယာဉ်အား လက်ရောက်ရလိုမှု (သို့မဟုတ်) အဆိုပါယာဉ်၏ ကာလတန်ဖိုးဖြစ်သည့် ငွေကျပ် သိန်း(၃၀၀)အား ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုရာတွင် တရားရုံးက သင့်ကို တရားပြိုင်တစ်ဦးအဖြစ် ထည့်သွင်းခဲ့ပါသည်။ သို့ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဧပြီလ(၂၆)ရက်(၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၈ရက်၊ တနင်္လာ)နေ့ မွန်းမတည့်မီ(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင်သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊မတ်လ(၂၉)ရက်နေ့၌ရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်လှမြင့်
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

ဒေါ်ခင်နန်းမြင့်[၁၂/ဗတထ(နိုင်)၀၀၀၄၅၄]နှင့် ၎င်း၏တရားရုံးချုပ်ရှေ့နေ ဦးကြည်ရှိန် (လှိုင်) အပါအဝင် အများသိစေရန်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၁၃၃)နေ ဦးငွေမြင့်အောင် [၁၂/လသန(နိုင်)၀၀၆၉၀၀]ကိုင်ဆောင်သူ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၂၈-၃-၂၀၀၄ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဦးဇော်မိုးဝင်း[၁၂/လသန(နိုင်) ၀၀၁၈၅၂]နှင့် အများသိစေရန်ကြေညာချက်နှင့် ပတ်သက်ပြီး ယင်းကြေညာချက်တွင် (၁)ပါဂျဲရိုးအနက်ရောင်(လ/၇၄၄၈)၊ (၂)ဆယ်လူလာ-၀၉၉၉၂၂၁၀၂၊ (၃) ဂျီအက်စ်အင်န်-၀၉၅၀၀၃၅၃၆၊ (၄) ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ ပင်ဒါအမည်နှင့် အရက်ချက်စက်ရုံမှ အရင်းအနှီးငွေများကို ဦးဇော်မိုးဝင်းပိုင်ဆိုင်သည့် ပစ္စည်းများအဖြစ် ထည့်သွင်းဖော်ပြပြီး တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းမပြုလုပ်ရန် သတိပေးကြေညာခြင်းသည် မမှန်မကန်ထည့်သွင်းဖော်ပြခြင်းဖြစ်ကြောင်းနှင့် ဖော်ပြပါလက်ကိုင်ဖုန်း(၂)လုံး၊ ပါဂျဲရိုးကားတို့မှာ ကျွန်ုပ်တို့၏အမှုသည် ဦးငွေမြင့်အောင် တရားဝင်ပိုင်ဆိုင် အသုံးပြုနေသော ပစ္စည်းများဖြစ်သည့်အပြင် ပင်ဒါအမည်ရှိ အရက်ချက်စက်ရုံအပါအဝင် ရင်းနှီးမြှုပ်နှံငွေ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့သည်လည်း ယစ်မျိုးလိုင်စင်အမှတ်(၃/၂၀၀၂/ထန်းတပင်)ဖြင့် ဦးငွေမြင့်အောင် အမည်ပေါက် ပိုင်ဆိုင်သည့် ပစ္စည်းအရပ်ရပ်တို့သာ ဖြစ်ကြပါသည်။ စက်မှုဇုန်(၄) မြေကွက်နှင့်ပတ်သက်၍ ဝယ်ယူပိုင်ဆိုင်ခြင်း လုံးဝမရှိပါ။

ထို့အတွက် ဦးဇော်မိုးဝင်းနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော ပစ္စည်းရပ်များအပေါ် မမှန်မကန်ထည့်သွင်းကြေညာခဲ့သည့်အတွက် ကျွန်ုပ်တို့၏အမှုသည် ဦးငွေမြင့်အောင်အနေဖြင့် မိသားစုဆွေမျိုးအသိုင်းအဝိုင်း၊ စီးပွားရေး လုပ်ငန်း လုပ်ဖော်ကိုင်ဖက်များ၏ ထင်မြင်လွဲမှားမှု၊ အထင်သေးသိက္ခာကျဆင်းမှု ကြုံတွေ့ရပါသည်။

သို့ဖြစ်ပါ၍ အများသိစေရန် ပြန်လည်ဖြေရှင်း ကြေညာပေးရန်နှင့် နောက်နောင် ဦးငွေမြင့်အောင်၏ပိုင်ဆိုင်မှု အကျိုးစီးပွားတို့နှင့် ပတ်သက်၍ မဟုတ်မမှန်ကြေညာခြင်း၊ လုပ်ဆောင်ခြင်း၊ တရားတဘောင်စွဲဆိုရာတွင် သက်ဆိုင်မှုမရှိဘဲ ထည့်သွင်းခြင်းများ ပြုလုပ်လာပါက တရားဥပဒေကြောင်းနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဇော	**ဦးတင်မောင်ဝင်း**	**ဒေါ်ညွန့်ညွန့်သန်း**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၄၅၄၈)	**(စဉ်-၂၃၀၃၅)**	**(စဉ်-၂၃၁၇၁)**

အခန်း(G/H)၊ တိုက်(၇)၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၇၀၀၃၈။

သကြၤန်တွင်း
ပိတ်ရက်မရှိ ဓာတ်ခွဲခန်းဖွင့်မည်။
နံနက်(၈)နာရီမှ ည(၈)နာရီ
လမ်း(၃၀)ဆေးခန်း
အမှတ်-၁၉၁-၁၉၃၊
လမ်း(၃၀)အထက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၆၁၇၇၊ ၃၇၁၆၁၁၊ ၃၇၁၆၁၂။



ဝမ်းနည်းကြေကွဲခြင်း
ဦးဟုတ်ရှိန် (ကွမ်းရိုက်ရွာ)
အသက်(၉၅)နှစ်

Dr.ဦးဉာဏ်ဇော်(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ လှည်းကူးပြည်သူ့ဆေးရုံ)-ဒေါ်တင်ထွေးတို့၏ဖခင် ကွယ်လွန်ပါ၍ မိသားစုနှင့်အတူ ဝမ်းနည်းမိပါကြောင်း။

လှည်းကူးမြို့နယ်ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများ။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဒေါ်မြညွန့် (၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျရိပ်သာ၊ တိုက်(၃၂)၊ အခန်း(၅)နေ (အသင်းနာယက-ဦးသြဘာ)၏ဇနီး၊ ရာသက်ပန်အသင်းဝင် ဒေါ်မြင့်မြင့်အေး၏မိခင်၊ ရာသက်ပန်အသင်းဝင်အမှတ် (၃၅၀) ဒေါ်မြညွန့်သည် ၄-၄-၂၀၀၄နေ့တွင် ကွယ်လွန်ပါ၍ ၆-၄-၂၀၀၄ နေ့ နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဝင်းမြင့် (၅၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ကုန်းဆောင်(၁၅)လမ်း၊အမှတ်(၁၂၂၅/ခ)နေ (ဦးထွန်းကြိုင်)-ဒေါ်စိန်ရင်တို့၏သမီး၊ (ဒေါ်စန်းမြင့်)၏ညီမ၊ ဦးစိုးသန်း၏ အစ်မ၊ ဦးထွန်းလွင်(Ex: R/O Hanseatic)၏ဇနီး၊ မောင်မင်းဝင်းထွန်း (E/cadet A.K Shipping)၊ မောင်ကျော်ကျော်ဝင်းထွန်း (I.M.T)တို့၏ မိခင်သည် ၂၈-၃-၂၀၀၄ရက် နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသန့်ဇင်ထွန်း
အသက် (၃၅)နှစ်
(လ/ထ ဆိုင်မန်နေဂျာ၊ MPPEကသာမြို့)

ရွှေဘိုမြို့၊ အိန္ဒာရပ်နေ (ဦးထွန်းရင်)-ဒေါ်ခင်ဝင်းတို့၏ သား၊ ဆရာမ ဒေါ်သီတာထွန်း (သမိုင်းဌာန)၏ မောင်၊ မချိုချိုထွန်း၏အစ်ကို၊ မောင်မင်းသန့်ကိုကို၏ ဦးလေးသည် ရွှေဘိုမြို့နေအိမ်၌ ၁-၄-၂၀၀၄(စနေနေ့) နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရွှေဘိုမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရားရဟန်းသိမ်ကျောင်း ဒါယကာကြီး
ရွှေကြက်ဦးတင်ဦး
အသက် (၇၂)နှစ်
(သိင်္ဂီရွှေရည်လက်ဖက်ရည်ဆိုင်)
(ပန်းနော်)

အမှတ်(၆)၊ စက်မှုလက်မှု(၁)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေနှင့် အမှတ်(၂၆၅)၊အထက်ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ (တရုတ်ဆေးဆရာကြီး ဦးတင်ကြိုင်-ဒေါ်တင်မြိုင်)တို့၏ သားကြီး၊ (ဦးဝါနန်း-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ကြင်မွေး၏ခင်ပွန်း၊[ဦးစံလွင်-Second Mate (F.G)]-ဒေါ်ကတာဒေါ်နွဲ့နွဲ့ဦး၊ ဦးသက်လင်း၊ ဦးဝင်းမိုး-ဒေါ်ကတာဒေါ်သန်းသန်းဝင်း၊ ဦးအောင်နိုင်ဦး-ဒေါ်ဗိုလ်ဗိုလ်အောင်၊ ဦးအောင်ဇော်ဦး-ဒေါ်ခင်မိုးအေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ကိုဟိန်းမစုစုနိုင်၊မိုးဟေဟန်ဆု၊ မမြတ်သိင်္ဂီဆု၊မောင်ဇွဲပြည့်အောင်၊မောင်အောင်ခန့်မိုးဟန်နီဇော်၊ မိုးသီတာဇော်တို့၏ ချစ်လှစွာသောအဘိုးသည် ၆-၄-၂၀၀၄ (အင်္ဂါနေ့)နံနက်၄း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ်(၆)၊ စက်မှုလက်မှု (၁) လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ သိမ်ကြီးဈေး Dရုံနှင့် ရွှေကြက်ပဲလှော်ဆိုင်၊ အမှတ် (၂၆၅)၊ အထက်ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ သိင်္ဂီရွှေရည် လက်ဖက်ရည်ဆိုင်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုမျိုးကြီး (ခ) ဦးမျိုးညွန့်
အသက်(၅၃)နှစ်
(စလင်းမြို့)

ရန်ကုန်မြို့၊ မင်္ဂလာလမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ အမှတ်(၂၄)နေ ဦးစောမောင်-(ဒေါ်ခင်နွဲ့)တို့၏သား၊ ဦးမောင်မောင်ကြီး(မိုးညွှင်း)-ဒေါ်ဝင်းရီ၊ ဦးလနံ့ဆွမ်ပေါင် (ဦးစီးအရာရှိ၊ လှိုင်သ/မ)-ဒေါ်ဖြူဖြူ(တွံတေးမြို့) တို့၏ ညီမောင်၊ ဦးမျိုးသန်း(သ/မငြိမ်း)-ဒေါ်ရွှေအိ S.A.T,T.T.C ပညာရေးတက္ကသိုလ်၊ ရဲအုပ်ကျော်မြင့် (ယာဉ်ထိန်း)-ဒေါ်ခင်သီတာထွန်း၊ဦးဝင်းမောင် E/O Uniteam Co., Ltd -ဒေါ်ခင်စောနွဲ့၊ ဦးတင်အုန်း-ဒေါ်ဝင်းပပတို့၏ အစ်ကို၊ တူ ၁၀ယောက်တို့၏ ဦးလေး၊ မြေးတစ်ယောက်၏ဘကြီးသည် ၆-၄-၂၀၀၄ရက် နံနက် ၂နာရီတွင် ကွယ်လွန်ပါ၍ယင်းနေ့ မွန်းလွဲ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၁၀-၄-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေး တရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ရဟန်းမယ်တော်ကြီး
ဒေါ်ကြိုင်ကြိုင်(၈၃)နှစ်
ဘိုကလေးမြို့နယ်အသင်းနာယကကြီး

ဘိုကလေးမြို့နေ(ဦးဖိုးဝ-ဒေါ်ကွန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အခန်း(၀၃၃)၊တိုက်(A)၊ ဘုရင့်နောင်တာဝါနေ (ဦးအုန်းခင်၊ လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်)၏ ဇနီး၊ ဦးဌေးလှိုင် (ခရီးဖော်ပုံနှိပ်တိုက်)-ဒေါ်ခင်စန်း (အထက-၁ ရန်ကင်း-ငြိမ်း)တို့၏ အစ်မကြီး၊ ဦးခင်မောင်ထွဋ်-ဒေါ်စန်းမြင့်၊ ဦးအောင်ထွဋ်-ဒေါ်ခင်မြမြ၊ ဒေါ်တင်အေး(လက်ထောက်ညွှန်ကြားရေးမှူး၊ လဝက)၊ ဗိုလ်မှူးရန်အောင်-ဒေါက်တာပပ (ကျောင်းကျန်းမာရေးဆရာဝန်၊ ဘားအံမြို့)၊ (ဒေါက်တာဝင်းချို)-ဒေါ်ချိုချို(အထက-၁၊ကြည့်မြင်တိုင်)၊ ကိုသောင်းထွဋ်-မအေးမြင့်၊ မဖြိုးဖြိုးအိတို့၏မိခင်၊ မသင်းလင်းထွဋ်၊ မောင်ဇေယျာထွဋ်၊ မသင်းနန္ဒာထွဋ်၊ မောင်ဇာနည်ထွဋ်၊ မမေမြတ်သူ၊ မောင်ကောင်းမြတ်ကျော်၊ မခန့်ထက်ပပအောင်၊ မချိုလဲ့လဲ့လင်း၊ မောင်ရာဇာရန် အောင် တို့၏အဘွားသည် ၇-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်)

၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၉နာရီအထိ အထက်ပါဘုရင့်နောင်တာဝါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

လွမ်းဆွတ်သတိရခြင်း
ဦးမြင့်မောင် (ညွှန်ချုပ်-ငြိမ်း)
စက်မှုလယ်ယာဦးစီးဌာန
(၁၄-၁၂-၂၀၀၀)
ဒေါ်တင်တင်ညွန့် (ကျောင်းဆရာမ-ငြိမ်း)
အ-ထ-က (၃) ကြည့်မြင်တိုင်
(၉-၃-၂၀၀၄)

မိသားစုအပေါ် သံယောဇဉ်ကြီးမားပြီး တာဝန်ကျေပွန်သော ကျေးဇူးရှင် ဒယ်ဒီနှင့် မာမီအား ရည်စူး၍ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ဒယ်ဒီနှင့် မာမီအား အမျှပေးဝေပါတယ်၊ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိ၍ သာဓုခေါ်ဆိုနိုင်ပါစေ၊ ဒယ်ဒီနှင့် မာမီရေ--အမျှ- အမျှ- အမျှ

နေ့စဉ်နှင့်အမျှသတိရလွမ်းဆွတ်လျက်

ချစ်သော သား၊ သမီးနှင့်မြေးများ။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းအောင်ဝင်းသိန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ စစစ) ၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၅)သူငယ်ချင်းများ
(ရဲ၊ စစစ၊ အကျဉ်း၊ မီးသတ်)

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဟန် (၈၉)နှစ်
(မြိတ်)

မြိတ်မြို့နယ်၊ သမုတ်ကျေးရွာနေ (ဦးဘိုးလွန်-ဒေါ်စိန်လွဲ)တို့၏ သမီး၊ ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တိုက်(၃၀)၊ အခန်း(၂၂)၊ သုနန္ဒာလမ်းနေ (ဦးရှိန်)၏ ဇနီး၊ (ဦးကြူးစိန်-ဒေါ်သန်းအေး)၊(ဦးကြူဝင်း)-ဒေါ်လှအေး၊ (ဦးကြူလွန်း)-ဒေါ်ကြည်ပို၊ ဦးယူဂီး-ဒေါ်ဝါဝါ၊ ဒေါ်လေးဝါ(တွဲဖက်ပါမောက္ခ၊ မြိတ်တက္ကသိုလ်)၊ (ဦးကြူဝေ)-ဒေါ်စန်းညွန့်၊ ဦးမြင့်ထွေး-ဒေါ်ကျင်မြတို့၏ မိခင်၊ မြေး၂၈ယောက်၊မြစ်၁၂ယောက်တို့၏ အဘွားသည် ၇-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
နော်မြခင် အသက် (၇၀)
မွေး/ကုဦးစီးဌာန(ငြိမ်း)

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ အမှတ်(၉၇)နေ (ဦးစောအားတုတ်-နော်သဲငွေ)တို့၏ သမီး၊ ဦးစောနေလင်း၏ ဇနီး၊ နော်ထူးဖော လင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ နော်သက်ဖော-စောသန်းနိုင်(မွေး/ကုဦးစီးဌာန)၊ စောထူးဝါး၊ နော်ခွယ်ဖော-စောနေသိန်း(Diethelm Ltd)၊ နော်စေးစေးဖော-ကိုဇော်ဝင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၀၄(သောကြာနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ခရစ်ယာန် သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဦး(၅၄)နှစ်
မအူပင်

မအူပင်မြို့၊(၈)လမ်းနေ(ကျောင်းဆရာအငြိမ်းစား၊ဦးလှရင်-ဒေါ်တင်မေ)တို့၏ သား၊ ရန်ကုန်မြို့၊အမှတ် (၃၂)၊ စံပါယ်လမ်းနေ (ဦးမောင်မောင်-ဒေါ်အေးညို)တို့၏ သားသမက်၊ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ကျော်ကျော်ထွန်း၊ မညိုအိအိထွေးတို့၏ ဖခင်၊မအူပင်မြို့ ကျောင်းဆရာအငြိမ်းစား ဦးမြတ်ကျော်-ဒေါ်ခင်လဲ့တို့၏ မောင်၊ ခင်မောင်လေး၊ မစန်းစန်းအေး၊ ဦးခင်မောင်ဝင်း(ဒေါ်မြင့်မြင့်)၊ ဦးမင်းဆွေ-ဒေါ်ခင်မာကြည်၊ မခင်မာစီ၊ မောင်မောင်နိုင်၊ မကြူကြူဝေ၊ ထားထားရီတို့၏ အစ်ကိုသည် ၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအုန်းမောင်(ရှမ်း) (၈၃)နှစ်
မော်ကွန်းဝင်ပထမဆင့်
ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒ
လေ့လာရေးကျောင်းတော်သားစု
(နာယက)

အမှတ်(၁၀၂/က)၊ ကသာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နေ ဒေါ်အေးရီ၏ခင်ပွန်းသည် ၇-၄-၂၀၀၄ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၉)၊ ကွင်းချောင်းလမ်း၊ အလုံမြို့နယ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးကျော်ညွန့် (၇၃)နှစ်
စက်မှုလက်မှုအထက်တန်းကျောင်းဆရာ
(ငြိမ်း)
တောင်တွင်းကြီးအသင်းဝင်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၂၃၈)၊ ခေမာသီလမ်းနေ ဒေါ်လှညွန့်၏ ခင်ပွန်း၊ Mr. Leong Hong Win-ဒေါ်စိုးစိုးညွန့်၊ ဦးဇော်ဝင်းနိုင်၊ ဦးအောင်စိန်-ဒေါ်အေးအေးသင်း၊ ဦးလှသန်းဦး-ဒေါ်အေးအေးမင်း၊ မောင်ဝေဖြိုးကျော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၈-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၄-၂၀၀၄(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးသိန်းထွန်း (၅၉)နှစ်
(စိုက်ပျိုးရေးလုပ်ငန်း ဝယ်/ဖြန့်)

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊(၂၂)လမ်းအမှတ်(၆၅၇)နေ (ဦးကျော်)-ဒေါ်တင်ကြည်တို့၏ သားသမက်၊ (ဦးအောင်သိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၅)ရပ်ကွက်နေ ဦးသိန်းမြင့် (စိုက်ပျိုး ရေး)-ဒေါ်သန်းသန်းဝင်း(စိုက်ပျိုးရေး)၊ (၄၉)ရပ်ကွက်နေ ဦးစိန်သန်း(စက်မှု-၁)-ဒေါ်ညွန့်ညွန့်အေး(စက်မှု-၁)တို့၏ အစ်ကို၊ အမှတ်(၅၀၃)၊ ဗိုလ်လင်းယုန်လမ်း၊ ၁၃ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်နေ ဒေါ်မြင့်မြင့်ကြည်(မြန်မာ့ဂုဏ်ဆောင်သ/မ)၏ခင်ပွန်း၊ မသီတာဦး(မြန်မာ့ကြံလုပ်ငန်း)၊ မသန္တာထွန်း၊ မောင်မျိုးထွန်းဝင်း(ဆက်သွယ်ရေး)တို့၏ ဖခင်သည် ၇-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင်ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄(သောကြာနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ၄နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်မေသိန်း (ခ) ဒေါ်သိန်းသိန်း (၈၈)နှစ်
(ဖျာပုံ)

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် (၅)၊ အခန်း (၇) နေ (ဦးဘိုးထွန်း-ဒေါ်စောတင်)တို့၏သမီး၊(ဦးအောင်သန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်မူမူသန်း၊ ဦးတိုးအောင် (Kodak. Co)-Ruth (U.K)၊ ဒေါက်တာဦးသိန်းဦး-ဒေါ်စုစုသန်း (U.K)၊ ဦးခင်မောင်မြင့်-ဒေါ်နွယ်နီသန်း(ဟိုတယ်/ခရီး)တို့၏မိခင်၊ မောင်မျိုးသိန်းဦး(U.K)၊ မအေးမြဦး(U.K)၊မအေးဥမ္မာအောင် (U.K)၊ မောင်ထွန်းလင်းအောင်တို့၏ ဘွားဘွားကြီးသည် ၇-၄-၂၀၀၄ရက် နံနက်၃နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မစန္ဒာမြင့် (၃၇)နှစ်
B.A(History)

ရန်ကုန်မြို့၊ မြေနီကုန်းကျောင်းလမ်း၊ အမှတ်(၂၇)၊ (ငါးလွှာ)နေ ဦးမြင့်စိန်-ဒေါ်ခင်မြင့်(ပြည်သူ့ ဆေးရုံ၊ ဒလ၊ ငြိမ်း)တို့၏ သမီး၊ စစ်ကိုင်းမြို့နေ (ဦးဘဟန်)-ဒေါ်ခင်ဝင်းကြည်(ကျောင်းဆရာမ၊ ငြိမ်း)တို့၏ သမီးချွေးမ၊ မမူမူစိန်၏ အစ်မ၊ ဗိုလ်မှူးစိုင်းဝင်းဟန်(နပခ)၏ ဇနီးသည် အာရှတော်ဝင်အထူးကုဆေးခန်း၌ ၅-၄-၂၀၀၄(တနင်္လာနေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချစ်တင်(ခ)စောကျင်ဝမ် အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ဒေါ်တီတီ)၏ ခင်ပွန်း၊ ဦးဖေခင်-ဒေါ်တူး(ခ)ဒေါ်ခင်သန်းလွင်၊ ဒေါ်ရှုအောင်(MPE)၊ဦးမောင်မောင်ကြီး(ခ)ဦးအောင်ကျော်မြင့် (Advocate)၊ (ဦးမောင်မောင်လေး)၊ ဒေါ်တင်လှ (အထက-၂၊လမ်းမတော်)၊ ဒေါ်ရင်လှ (အထက-၂၊ ဒဂုံ)၊ ဦးကျော်ဝင်း-ဒေါ်နုနုခင်တို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၈-၄-၂၀၀၄ရက်နံနက် ၀၀း၁၅ နာရီတွင် အမှတ်(၁၀၀)၊ တရုတ်ဘုရားကျောင်းလမ်း၊ တာမွေလေး၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၁၀-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးမူ အသက်(၈၀)
(ဓနုဖြူ)

စံကင်းကျေးရွာ၊ ကျောက်တိုင်ပိုင်း၊ ဓနုဖြူမြို့နယ်နှင့် သာကေတမြို့၊ အမှတ်(၆၀၇)၊ အောင်ချမ်းသာ(၃)လမ်း၊ ၇/ အနောက်ရပ်ကွက်နေ ဒေါ်လှတင်၏ ခင်ပွန်း၊ ဦးကျော်ဇော-ဒေါ်စန်းကြည်၊ ဦးသံချောင်း-ဒေါ်စန်း၊ ဦးတင်စိုး-ဒေါ်နွဲ့ရီ၊ ဦးရွှေထွန်း-ဒေါ်ကျင်၊ ဦးရွှေလွန်း-ဒေါ်အုန်းမြင့်၊ ဒေါ်သိန်းသိန်း၊ ဦးခင်မောင်အေး-ဒေါ်ချိုမာအေး၊ ဦးခင်မောင်လွင်-ဒေါ်မြမြလွင်တို့၏ဖခင်၊မြေး၂၁ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၇-၄-၂၀၀၄ရက် ည ၁၀နာရီတွင် ကွယ်လွန်ပါ၍၉-၄-၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ် မှကားများမွန်းတည့်၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စတီရီယိုတေးသံရှင်
ဆလိုင်းဆွန်ကျဲအို(၅၃)နှစ်
ဦးစီးအရာရှိ
ပုသိမ်ငါးလုပ်ငန်းစခန်းတာဝန်ခံ

ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်နေ ဦးဆန်းရိုလ်-(ဒေါ်ကြာနီးယာန်း)တို့၏ သားကြီး၊ ဒေါ်ငွန်ကျဲရ်-ဦးထန်းတီလ်၊ ဦးဇုံလိန်-ဒေါ်ကျုံးကျုံး၊ဦးထောင်းဇအုပ်-ဒေါ်အေးသျှမ်းတို့၏ အစ်ကိုကြီး၊မိုင်ဘွဲ့နွမ်သိန်း၊ ဆလိုင်းဖွန်လျန်ထန်း၊ မိုင်ဘွဲ့နေမွေး၊ မိုင်ဘွဲ့နေရဲမ်တို့၏ ဖခင်၊ ဒေါ်ကပ်နွမ်(ခ) နူးနူး၏ ချစ်လှစွာသောခင်ပွန်းသည် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ၇-၄-၂၀၀၄ရက် ညနေ ၄နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့ နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်း၌ ဝတ်ပြုချိန်စတင်ပြီး ပုသိမ်မြို့ ခရစ်ယာန်သချိုင်းသို့ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်ချို (၄၉)နှစ်

ရန်ကုန်မြို့၊ကျောက်မြောင်းနေ (ဦးစိန်မောင်-ဒေါ်အေးကျင်)တို့၏ သား၊ ရန်ကုန်မြို့ နှင်းဆီကုန်း(က)ရပ်ကွက်နေ ဦးသိန်း-ဒေါ်ခင်သန်းတို့၏ သားသမက်၊ ဒေါ်ကျင်မွေး၊ ဦးပြုံးချို၊ ဒေါ်လေးကြည် (မြန်မာ့မီးရထား)၊ဒေါ်မေရီမြင့်(အထက-၁၊ သဃ်န်းကျွန်း)တို့၏ မောင်/ညီ၊ ကိုထွေးချို၏ အစ်ကို၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၄) အခန်း (၁၀၆) တောင်ဒဂုံနေ ဒေါ်ခင်ထွေးသိန်း၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးသူ (ဒု-နှစ်စီးပွားရေးတက္ကသိုလ်)၊ မခင်ချမ်းမြေ့သူ (ဒု-နှစ်၊ကွန်ပျူတာ တက္ကသိုလ်)တို့၏ ဖခင်သည် ၈-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၇ နာရီတွင် ကွယ်လွန်ပါ၍၁၀-၄-၂၀၀၄ (စနေနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် ပါမည်။(တောင်ဒဂုံနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရွှေမှုံ(၇၅) နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက်(၃၅၂)၊ အခန်း(၁၀)နေ ဒုအရာခံဗိုလ်(မြင့်ဆွေ)၏ ဇနီး၊ ဦးဝင်းကြည်၊ ဦးစိန်လွင်ဦး၊ ဒေါ်နုနုဆွေ (အမက-၁၃၊ဒဂုံမြောက်)တို့၏ မွေးသမိခင်၊ မောင်ပိုင်ဟိန်းထက်ဆွေ (VIII-B၊ အလက-၄၊ ရန်ကင်း)၏ ဘွားဘွားသည် ၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးဌေးလွင်(၇၄)နှစ်
ယန္တရားတပ်ခွဲ (တောင်)
ဆောက်လုပ်ရေး (ငြိမ်း)
(တောင်ဇင်း၊ သုဝဏ္ဏ)

ညောင်ဦးမြို့၊ တောင်ဇင်းရွာနေ (ဦးစံလှ-ဒေါ်ကြွေ)တို့၏ သား၊ ဂန့်ဂေါမြို့နေ (ဦးရာထိုက်-ဒေါ်အေးမြ)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ကျောင်းဝိုင်း၊ မဟာစန္ဒာရုံကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(မွေ့စရိယ၊ LL.B မဟာဂန္ထဝါစက ပဏ္ဍိတ)၏ ဖခမည်းတော်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ်(၇၈၂)၊ ငွေစင်လမ်းနေ၊ ဒေါ်ညိုလှ၏ ခင်ပွန်း၊ ဒေါ်ဝေဝေလွင် (ဆမရုံးချုပ်)၊ ဦးသိန်းနိုင်-ဒေါ်ခင်စိန်၊ဦးကျော်စိုးရင်-ဒေါ်ခင်ခင်ပြုံး၊ ဦးဗညားဦး-ဒေါ်ချိုချိုလွင် (ဆမရုံးချုပ်)တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၆-၄-၂၀၀၄ရက် နံနက် ၉း၀၂နာရီတွင် အမှတ်(၇၉၄) ဗိုလ်စိန်မှန်လမ်း၊ (၄၄) ရပ်ကွက် ဦးကျော်စိုးရင်၏ နေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၁၂-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ် ၇၉၄ ဗိုလ်စိန်မှန်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသန်းစိန်(ခ) ပန်းချီသန်းစိန် (၆၂)နှစ်
တပ်မတော်(ရေ)အငြိမ်းစား

အမှတ်(၈၇၄)၊ ကျွန်းရွှေမြိုင်လမ်း၊ ၁၈(ဒီ)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ (မောင်ဝင်းမိုး)၊ ကိုသာအေး-မစပါယ်မိုး(မြန်မာ့ဆိပ်ကမ်း အာဏာပိုင်)၊ ကိုအောင်နိုင်-မကေသီမိုး၊ မအိအိမိုး (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၇-၄-၂၀၀၄ရက် မွန်းလွဲ ၂း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများမွန်းလွဲ၁း၄၅နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်ထွန်းဝေ အသက်(၆၀)
တပ်မတော်ရေ(ငြိမ်း)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၉လမ်း(အရှေ့) အမှတ်(၅၀/က)နေ(ဒေါ်မြအေး)၏ ခင်ပွန်း၊ ကိုနေဦး-မအေးအေးထွန်း၊ မခိုင်ခိုင်ထွန်း (မြန်မာ့ကြံလုပ်ငန်း)၊ မောင်တင်မြတ်ထွန်း၊ မောင်ရန်နိုင်ဝင်း-မနီလာထွန်းတို့၏မိခင်၊ မသုန္ဒရီဦး၏အဘိုးသည် ၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၄-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါ မည်။) ကျန်ရစ်သူမိသားစု။

ဦးစံခင် (၈၆) နှစ်
(ဇီးဖြူပင်၊ ခရမ်း)

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ ၂ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၄၀)နေ (ဦးဘမြိုင်-ဒေါ်နှင်းပန်း)တို့၏ သား၊ (ဒေါ်ကြည်)၏ ခင်ပွန်း၊ (ဒေါ်သန်းစိန်)၊ (ဒေါ်ငြိမ်းစိန်)တို့၏ မောင်၊ (ဦးစံရှင်)-ဒေါ်စော၏ညီ၊ ဒေါ်တင်ရီ၊ (ဒေါ်လှမြင့်)၊ ဒေါ်စောရီ၊ ဦးရွှေထုတ်-ဒေါ်စိန်လှတို့၏ အစ်ကို၊ ဦးရွှေခိုင်-ဒေါ်မြစန်း၊ ဦးထွန်းသန်း-ဒေါ်စန်းစန်းနွဲ့၊ (ဦးဝင်းခိုင်)၊ ဒေါ်ခင်ခင်ဝင်း၊ဒေါ်ရီရီမြင့်(နီနီ)၊ ဒေါ်စန်းစန်းဝေ(ဝေဝေ) တို့၏ ချစ်လှစွာသော ဖခင်၊ ဦးကံထွန်း-ဒေါ်ထွေးရီ၏ ဦးလေး၊ မအိဆွေမွန်၊ မအိဆွေမော်၊ မောင်မိုးဆွေကျော်တို့၏ ဘဘလေး၊ မြေး ကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၆-၄-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၀၄ (စနေနေ့) မွန်းတည့်၁၂နာရီတွင် နေအိမ်မှ ခရမ်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်ဒါယိကာမကြီး
ဒေါ်ကျင်မွေး(၈၆)နှစ်
(လက်ပံတန်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဌာနာလမ်း၊ အမှတ်(၇၉)၊ (စတုတ္ထလွှာ)နေ (ဦးရာဟိုး)၏ ဇနီး၊ ဦးတင်နိုင်-ဒေါ်ရှုလွမ်၊ လက်ပံတန်းမြို့နေ ဦးမြင့်ထွန်း-ဒေါ်ရွှေဝါ၊ ဦးကင်တင်-ဒေါ်မွေလန်းတို့၏ မိခင်၊ မဖြူလဲ့နိုင် (ဆေးဝါးကျွမ်းကျင်၊ နောက်ဆုံးနှစ်)၊ မပြည့်ဖြိုးနိုင်(ဆေးတက္ကသိုလ်-၁၊ အပိုင်း-က)တို့၏ အဘွား၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄(သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်ဇော် (၄၃)နှစ်
ဒု/လ-ထ၊ကကမ
မြန်မာ့မီးရထား

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာနွယ် ၁ လမ်း၊ အမှတ် ၂၂၄နေ (ဦးတင်အေး)-ဒေါ်ငွေသိန်းတို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နေ (ဦးစန်းမောင်)-ဒေါ်ခင်မြင့်တို့၏သား၊ ဖလုံမြို့နေ (ဦးသောင်း-ဒေါ်အုံးကြည်)၊ (ဦးကျော်အုန်း)-ဒေါ်လှအေး၊ (ဦးတင်ညွန့်)-ဒေါ်ငွေအေးတို့၏တူ၊ ဦးခင်မောင်ဝင်း -ဒေါ်မာမာဝေ၊ (ဦးသိန်းဖေ)-ဒေါ်ညို၊ ဦးလှထွန်းရှိန် (စာရင်းစစ်-၁၊ သာစည်-မမ)-ဒေါ်သန်းသန်းဌေးတို့၏ မောင်၊ ကိုမျိုးသိန်း-မသင်းသင်းအေး၊ ကိုတိုးနိုင်(မီးရထား)-မခင်စန်းတင့်၊ ကိုလှဝင်း-မမြင့်မြင့်ရီတို့၏ အစ်ကို၊ မောင်ပြည့်ဖြိုးဇော် (အထက-၂၊လမ်းမတော်)၊မောင်ကောင်းစိုးစံ(အလက-၁၊ဒဂုံ)၊ မောင်ဝေဖြိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ဥမ္မာခင်(ခတ်ခွဲမှူး-၄ကုန်ဖျားတိုက်ဖျက်ရေး-ငြိမ်း)၏ ခင်ပွန်းသည် ၇-၄-၂၀၀၄ရက် နံနက်၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၀၄(သောကြာနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ အခန်း(စီ) ကီလီကုန်ရုံ ဝါးတန်းလမ်းမှ မွန်းလွဲ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုင်းဟံကျော်ဖှ အသက်(၃၆) နှစ်
(ဖြူး)

ဖြူးမြို့၊ ဝဲဒေါင့်ရပ်နေ ဦးပန်းခိုင်-(ဒေါ်စိန်ခင်)(ခိုင်တည်းခိုခန်း)တို့၏သား၊ ပန်းချီမြတ်ဝင်းထိန်-ဒေါ်နန်းစန်းစန်းယု (နံပါတ်ဝမ်း စားသောက်ဆိုင်)တို့၏ မောင်၊ ဦးစောဝင်း(စောဝေ)-ဒေါ်နန်းစန်းစန်းအေး(အဓိပတိဖြူး) (အဓိပတိ စားသောက်ဆိုင်၊ တည်းခိုခန်း၊ ဖြူး-ရန်ကုန်)တို့၏ မောင်၊ (ဦးစိုင်းဟံဇော်ဖှ)-ဒေါ်မူမူအောင်(လုံကဖေး)တို့၏ ညီ၊ နန်းရတနာကျော်ဖှ(အီးတီ)၊ နန်းဇာနည်ကျော်ဖှ(အီးကေ)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နန်းနီနီအေး၏ ချစ်လှစွာသောခင်ပွန်း၊ အဓိကစားသောက်ဆိုင် ပိုင်ရှင် ဦးစိုင်းဟံကျော်ဖှသည် ၇-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက်တွင်ရေဈေးကြီး သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် အသက်(၈၀)
(မော်လမြိုင်)

မော်လမြိုင်မြို့နေ(ဦးချစ်လှိုင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ (ဆရာဦးမြင့်သိန်း) ဇနီး၊ ဒေါ်သန်းစိန်၊ ဗိုလ်မှူးချုပ်သာဌေး(အငြိမ်းစား)တို့၏ အစ်မကြီး၊ ဗိုလ်မှူးချုပ်အေးမြင့်ကြူ-ဒေါ်ခင်ဆွေမြင့်(ရန်ကုန်တက္ကသိုလ်၊မြန်မာစာဌာန)၊ ဦးသန်းဝင်း-ဒေါ်ခင်နွယ်မြင့် (မွန်ပြည်နယ်လျှပ်စစ်ဓာတ်အား)၊ ဗိုလ်မှူးကြီးသန်းညိန်း-ဒေါ်ခင်သွယ်သွယ်မြင့် (စီမံကိန်းရေးဆွဲရေး)၊ ဒုတိယဗိုလ်မှူးကြီးလှဌေး-ဒေါ်ခင်လေးမြင့် (ရသုံးမှန်းခြေ)၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်-ဒေါ်မာလာသင်း၊ ဦးအေးဇော်-ဒေါ်ခင်ခိုင်ခိုင်မြင့်(နေခြည်နွေးနွေး ခရီးသွားလုပ်ငန်း)၊ ဦးမြင့်ထူး-ဒေါ်ကြည်ကြည်လေးတို့၏ကျေးဇူးရှင် မွေးသမိခင်၊ မြေး၁၀ယောက်၊မြစ်တစ်ယောက်တို့၏အဘွား ဒေါ်အေးမြင့်သည် ၈-၄-၂၀၀၄(ကြာသပတေးနေ့) ညနေ၃း၁၆နာရီတွင် တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၀၄(စနေနေ့)မွန်းလွဲ၁နာရီတွင် တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဇောတိကာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် အသက်(၈၀)
(မော်လမြိုင်)

မော်လမြိုင်မြို့နေ (ဦးချစ်လှိုင်-ဒေါ်သန်းညွန့်) တို့၏သမီး၊ (ဆရာဦးမြင့်သိန်း)၏ဇနီး၊ ဒေါ်သန်းစိန်၊ ဗိုလ်မှူးချုပ်သာဌေး(အငြိမ်းစား)တို့၏ အစ်မကြီး၊ ကိုမိုးသက်-မသန္တာဝင်း၊ အေးမြမြညိန်း၊ ဗိုလ်နိုင်ညိန်း၊ ခင်ကြည်သာ၊ မထက်ရည်ဝင်း၊ နေခြည်သာ၊ ဗိုလ်လောင်းချမ်းညိန်း၊ ဗိုလ်လောင်းနွေအေး၊ ခန့်စည်သာကျော်၊ မောင်သက်ဖြိုးဝင်းတို့၏အဘွား၊ မီးမီးလေး၏ဘွားဘွားကြီး ဒေါ်အေးမြင့်သည် ၈-၄-၂၀၀၄(ကြာသပတေးနေ့) ညနေ၃း၁၆နာရီတွင် တောင်ငူမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၄-၂၀၀၄(စနေနေ့)မွန်းလွဲ၁နာရီတွင် တောင်ငူပြည်သူ့ဆေးရုံကြီးမှ ဇောတိကာရသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေးမြစ်တစ်စု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်ဒေါ်ညွန့် (၉၈)နှစ်

ရန်ကုန်မြို့၊ တာမွေ၊ ဌေးကြွယ်(က)ရပ်ကွက်၊ သူကြွယ်လမ်း၊ တိုက်(၅)၊ (ပ)ထပ်နေ(ဦးထွန်းလှိုင်)၏ ဇနီး၊ ဦးစံသိန်း-(ဒေါ်ခင်မြင့်)၊(ဦးကျော်)-ဒေါ်ညွန့်စိန်၊ (ဦးအောင်ငြိမ်း)-ဒေါ်စန်းရီ၊ ဦးရွှေမြ-ဒေါ်နွဲ့ရီ၊ ဦးကျော်သိန်း-ဒေါ်ငွေကြိုင်တို့၏မွေးသမိခင်၊ မြေး ၂၁ ယောက်၊ မြစ် ၃၅ ယောက်၊ တီခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၇-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းအမကြီး
ဒေါ်စိန်စိန်(၈၉)နှစ်
စဉ့်ကူးမြို့-ချောက်မြို့
မန္တလေးစိန့်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း
(၁၉၅၉-၆၂)

စဉ့်ကူးမြို့ ကုန်သည်ကြီး(ဦးနေဒွန်း-ဒေါ်သက်ပွင့်)(ဦးဖေ-ဒေါ်လှမယ်)တို့၏ သမီး၊ ချောက်မြို့၊ လမ်းမတော်နေ (ကုန်သည်ကြီးဦးမြစ်)၏ဇနီး၊ ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်းနေ အငြိမ်းစား သံအမတ်ကြီး သီရိပျံချီဦးမောင်မောင်၊ ဒေါ်ခင်မြင့်မြင့်တို့၏အစ်မ၊ဦးမောင်မောင်သန်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ခင်လေးမြင့် (ဆိပ်ဖြူစာရင်းရုံး)၊ ဦးမောင်မောင်ဌေး၊ ဦးမောင်မောင်တုတ်၊ ဦးမောင်မောင်ဝ-ဒေါ်စိုးစိုးနိုင်တို့၏ မိခင်၊ ဦးခင်မောင်ကြီး - ဒေါ်ခင်နန်းဝင်း (သမီးတော်စတိုး)၊ ဒေါက်တာခင်မောင်မြင့်-ဒေါ်မြင့်မြင့်စိန်၊ ဦးရန်နိုင်လွင်-ဒေါ်သင်းသင်းထား၊ ဦးသန်းတိုးမောင်တို့၏ အဒေါ်၊ မောင်မောင်မျိုး(နောက်ဆုံးနှစ် ပထဝီဝင်၊ မကွေးတက္ကသိုလ်)၊ မောင်ကောင်းထက်စံ (အထက-၂၊ဗဟန်း)၊မောင်စွမ်းရည်ထက်တို့၏ အဘွားသည် ၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက်တွင် ချောက်မြို့၌ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဘအောင်(ခ)ဦးဂူပါရ်ချောင် အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁၃၂)၊အနော်ရထာလမ်း၊ (၃)ရပ်ကွက်နေ (ဦးကျင်စိန်-ဒေါ်ရင်)တို့၏ သားထွေး၊ ဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သူဇာအောင် (VIII-B)၊မသင်းထက်ထက်အောင် (VII -K)၊ မောင်ဇေယျာမင်း(III -Dဒဂုံ)၊ မထက်ထက်အောင်(I-F၊အထက-၁၊ဒဂုံ)တို့၏ မွေးသဖခင်၊ ဦးအေးနီ-ဒေါ်စန်းနု၊ ဦးကျော်အောင်-ဒေါ်ခင်မာဝေ၊ ဦးတတ်လွင်(စာရေးဆရာ)-ဒေါ်စန်းစန်းဌေးတို့၏ညီ၊ တူ၊တူမ ၁၁ယောက်တို့၏ ဦးလေးသည် ၃၁-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၀၄(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြိုင် (၈၆)နှစ်
ထုံးကြီးကျေးရွာ

ပဲခူးတိုင်း၊ပဲခူးမြို့နယ်၊ထုံးကြီးကျေးရွာ၊ ဈေးပိုင်းနေ(ဦးတင်ရှိန်-ဒေါ်သင်း) တို့၏ သမီး၊ (ဦးနက်)၏ ဇနီး၊ ဦးစိုးမြင့်-ဒေါ်သန်းကြွယ်၊ ဦးစိန်ဝင်း-ဒေါ်ခင်ဝင်း၊ ဦးအောင်မြင့်-ဒေါ်ပိုင်၊ ဦးသန်းဝင်း-ဒေါ်အေးအေးမွန်၊ ဦးကျော်ဌေး-ဒေါ်သီသီဝင်းတို့၏မိခင်၊ မြေး၁၅ယောက်တို့၏ အဘွားသည်၄-၄-၂၀၀၄ရက် ည ၉း၃၀ နာရီတွင်ကွယ်လွန်ပါ၍ ၆-၄-၂၀၀၄ရက် တွင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ထုံးကြီးကျေးရွာဈေးပိုင်း နေအိမ်တွင် ၁၀-၄-၂၀၀၄(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်တင်ရွှေ (၇၃)နှစ်
(ဟင်္သာတ)

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌဖြစ်သ ဦးခင်မောင်သန်း (ရေးရှစ်ပင်းမန်းနေးဂျင်းဒါရိုက်တာ)၏ မိခင်ကြီး ဒေါ်တင်ရွှေသည် ၆-၄-၂၀၀၄ (အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင် ဆာကူရာ ဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၀-၄-၂၀၀၄(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အဏ္ဏဝါမိသားစုများ လိုက်ပါ ပို့ဆောင်ကြပါရန်၊ အဏ္ဏဝါမော်ရုံမှ ကားများ မွန်းလွဲ ၂နာရီ တွင်ထွက်ပါမည်။ အမှုဆောင်အဖွဲ့။

ဒေါ်စန်းစန်းရီ (၅၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ်(၁၃၀)နေ (ဦးကြင်ခဲ-ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ (ဦးချောဖေ)-ဒေါ်ချစ်တင်တို့၏ သမီး၊ (ဦးကြည်မြင့်)၏ဇနီး၊(ဦးသောင်းအေး)-ဒေါ်လှငွေ၊ ဦးလှကြိုင်-(ဒေါ်တင်ရွှေ)၊ ဦးဖေသန်း-ဒေါ်မြကြွယ်၊ ဦးဖေသိန်း-ဒေါ်စန်းစန်းရီ၊ (ဦးဖေသောင်း)- ဒေါ်ခင်ယုနိုင်တို့၏ ညီမ၊ မောင်အောင်ဇော်ဖြိုး၊ မမေနွယ်ဖြိုး(Yuzana Fisheries Ltd)၊ မခိုင်စုဝေရည်ဖြိုး၊ မောင်အောင်ပြည့်ဖြိုးတို့၏မိခင်သည် ၇-၄-၂၀၀၄ ရက် ည ၈း၃၀ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက် ညနေ ၃ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဝင်း(၅၄)နှစ်
(ပုသိမ်)

မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ (တောင်ခြမ်း)၊ တိုက်(၄)၊ အခန်း(၂၈)၊ ပထမထပ်နေ ဦးစိုင်း အောင်ဝင်း(ဥက္ကဋ္ဌ၊ မန်းကုမ္ပဏီလီမိတက်)၏ ဇနီး၊ မောင်မျိုးအောင်(MKMကုမ္ပဏီ)၊ မောင်မျိုးဝင်း (ဒုတိယနှစ်၊ဥပဒေ)တို့၏မိခင်၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြင့်မြင့်၊ ဦးပဠင်း (ပုသိမ် ပန်းတင်ကုန်း)တို့၏ အစ်မကြီး သည် ၇-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၀ နာရီတွင်ကွယ်လွန်ပါ၍ ၉-၄-၂၀၀၄ရက် ညနေ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184



ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးမှုလုပ်ငန်းများ ကွက်လပ်မကျန် ကွင်းဆက်မိမိပေါ်ထွက်လာ ခံ့ညားထည်ဝါသည့် အဆောက်အအုံသစ်ကြီးနှင့်အတူ ခေတ်မီရောဂါရှာဖွေကုသရေးကိရိယာများ အထူးကုဌာနများပါဝင်သော ကျောက်ဆည် ခုတင်-၂၀၀ဆံ့ အထူးကုဆေးရုံကြီး တည်ဆောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၈

မန္တလေးတိုင်း ကျောက်ဆည်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် အထူးကုဆေးရုံကြီး(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ အထူးကုဆေးရုံကြီး၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ပြီး အထူးကုဆေးရုံကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အထူးကုဆေးရုံကြီး(ကျောက်ဆည်)ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

လှည့်လည်ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း အထူးကုဆေးရုံကြီး (ကျောက်ဆည်) ဖွင့်ပွဲ အခမ်းအနားတွင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

အထူးကုဆေးရုံကြီး (ကျောက်ဆည်)

မန္တလေးတိုင်း ကျောက်ဆည်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် အထူးကု ဆေးရုံကြီး (ကျောက်ဆည်)ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်တည်ထောင် ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေ ဖြစ်လာနိုင်ဖွယ်ရှိ

ရန်ကုန် ဧပြီ ၈

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ၂၀၀၁ခုနှစ် ဧပြီလအတွင်းက ကချင်ပြည်နယ် တနိုင်းဒေသအတွင်း စတုရန်းမိုင်၂၄၉၄ အကျယ်အဝန်းရှိသောဧရိယာကို "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော"အဖြစ် ဖွဲ့စည်းရန် စတင်ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၀၄ခုနှစ် မတ်လအတွင်း "ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော (တိုးချဲ့)"ဧရိယာအဖြစ် စတုရန်းမိုင်၅၉၅၈ ကို ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆက်လက် ဆောင်ရွက်ခဲ့သည့်အတွက် စုစုပေါင်း စတုရန်းမိုင် ၈၄၅၂ အကျယ်အဝန်းရှိ **စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ❍